ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္လာနေ့။ | Monday, 3 January 2022 | ၁၀၆၀၇

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်

**၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။**

**ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ MITV၊ Channel 7၊ Channel 9၊ 5 Plus၊ Skynet(တိုင်းရင်းသားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV Facebook Page မှလည်း Live Streaming ထုတ်လွှင့်သွားမည် ဖြစ်သည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရိုးရာပြခန်းအား လှည့်လည်ကြည့်ရှုကြစဉ်။

ဓာတ်ပုံ - ကိုတွတ်(ပြန်/ဆက်)

**ယနေ့** ဖတ်စရာ

## လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထင်ဟပ်သည့် လူ့တန်ဖိုး
စာမျက်နှာ » ၆

## အခွံသင်တတ်မှ မျှတ လှပမည်
စာမျက်နှာ » ၁၀

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းရှိ
စာမျက်နှာ » ၂၂

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားတိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ

# ပြုပြင်ဆင်ခြင်၍ လွတ်လပ်ရေးနှင့် ထိုက်တန်အောင်ကြိုးစား

လွတ်လပ်ရေးအနှစ်သာရသည် လွတ်လပ်သောနိုင်ငံတွင် လွတ်လပ်သော နိုင်ငံသားများ အားလုံးတန်းတူညီမျှ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ခြင်းဖြစ်ရာ မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးကြရမည်ဖြစ်သည်။ မိမိကံကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးနိုင်သည်ဆိုရာ၌ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားသကဲ့သို့ ပဒေသာပင် မြေမှအလိုလိုပေါက်လာခြင်းမဟုတ်ပေ။ မိမိတို့နှင့်မိမိတို့နိုင်ငံ တိုးတက်ကြီးပွားရေးအတွက် အလုပ်လုပ်ကြရသည်။ မိမိတို့နှင့်မိမိတို့နိုင်ငံ အဆင့်အတန်းမြင့်မားရေးအတွက် စောင့်ထိန်းသင့်သည်တို့ကို စောင့်ထိန်း၊ လိုက်နာသင့်သည်တို့ကို လိုက်နာကြရသည်။

လွတ်လပ်ပြီဆိုပြီး လမ်းပေါ် ထွက် ဆေးရိုးလှမ်းသည့်အလုပ်မျိုး မလုပ်သင့်ကြပေ။ လွတ်လပ်သောနိုင်ငံသားများဖြစ်လာကြရာ၌ လွတ်လပ်သောအခွင့်အရေး အပြည့်အဝရှိသည်ဟုဆို၍ စည်းမရှိ၊ ကမ်းမရှိ ထင်ရာစိုင်းလုပ်ကိုင်ခွင့်မရှိပေ။ တန်းတူညီမျှ သာတူညီမျှ အခွင့်အရေးရှိသည်ဆိုပြီး အများသူငါတို့ အကျိုးစီးပွားထိခိုက်အောင် ပြုလုပ်ခွင့်မရှိပေ။ တားမြစ်ချက်၊ စည်းကမ်းသတ်မှတ်ချက်များသည် အများပြည်သူအကျိုးစီးပွားအတွက် ရေးရှုဆောင်ရွက်ထားခြင်းဖြစ်သည်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။ တစ်ဦးချင်းစည်းကမ်းလိုက်နာလိုက်ခြင်းသည် အများအတွက်ဖြစ်သည်ကို နားလည်ပေးကြရမည်ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် တိုင်းပြည်အနာဂတ်ကိုမြော်တွေး၍ နောက်ဆုံးမှာကြားခဲ့သည့် မိန့်ကြားချက်ကို သတိပြုမိဖို့လိုသည်။ "လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ဆက်လွတ်လပ်ရေးရဲ့အရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ အခုကတည်းက ခင်ဗျားတို့ကိုယ်က အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီ" ဟု တိုက်တွန်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်သည် နိုင်ငံနှင့်ထိုက်တန်သည့် လွတ်လပ်ရေး၊ လွတ်လပ်ရေးနှင့်တူတန်သည့်လိုက်နာမှုကို ဆောင်ရွက်ကြရန် မှာကြားချက်များဖြစ်သည်။ ထို့ပြင်လွတ်လပ်ရေးအရသာကို အပြည့်အဝခံစားနိုင်ရန်အတွက် အလုပ်လုပ်ကြရန်၊ စည်းကမ်းရှိကြရန်၊ ညီညွတ်ကြရန် မှာကြားခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏မှာကြားချက်များကို ကျွန်ုပ်တို့အပြည့်အဝ မလိုက်နာခဲ့ကြပါဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည်နှင့် ညီညွတ်မှုများ ပြိုကွဲခဲ့သည်။ သူတစ်လူငါတစ်မင်းနှင့် ထင်ရာစိုင်းခဲ့ကြသည်။ တိုင်းပြည် ဖရိုဖရဲနှင့် ပြည်သူများ လွတ်လပ်ရေးအသီးအပွင့်များကို မခံစားရသည့်အပြင် ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။

တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရအဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း မငြိမ်းချမ်းမှုများ၊ မညီညွတ်မှုများကြောင့် ထင်သလောက် ခရီးမရောက်ခဲ့ချေ။ တိုင်းပြည် သူတစ်ပါးနောက်ရောက်နေခြင်းသာအဖတ်တင်ခဲ့သည်။ လွတ်လပ်သည့်တိုင်းပြည်ဖြစ်သော်လည်း တိုင်းတစ်ပါးနှင့် တူတူတန်တန် တန်းတူနေထိုင်နိုင်သော အခြေအနေမရှိသေးပေ။ တိုင်းပြည်အတွင်း၌ နေထိုင်စဉ်အခါ လွတ်လပ်သောအနှစ်သာရကို မသိသာသော်လည်း တိုင်းတစ်ပါးနိုင်ငံများသို့ရောက်သောအခါ၌ လွတ်လပ်သောနိုင်ငံသားများ၏နေထိုင်မှုဘဝများ ကွာခြားနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရမည်ဖြစ်သည်။ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့တိုင်းပြည်ကို မချိတင်ကဲဖြစ်ကာ မိမိတို့အားလုံး ပြုပြင်နေထိုင်လုပ်ကိုင်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

လွတ်လပ်သော တိုင်းသူပြည်သားတို့သည် စည်းကမ်းသေဝပ်ကြရမည်ဖြစ်သည်။ မိမိတိုင်းပြည်၏ အခြေခံဥပဒေ၊ တရားဥပဒေ၊ စည်းကမ်းဥပဒေတို့မှအစ မိမိတို့သက်ဝင်ယုံကြည်သော ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ သတ်မှတ်ချက်များကို လေးလေးစားစား ယုံယုံကြည်ကြည် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ စည်းကမ်းသေဝပ်၍ မြင့်မြတ်သောအရည်အချင်းများနှင့် ပြည့်စုံသူသာလျှင် လွတ်လပ်သောနိုင်ငံသား ပီသပေလိမ့်မည်။ အများတန်းတူ ရင်ပေါင်တန်းနိုင်သော နိုင်ငံကြီးသားပီသပေလိမ့်မည်။ လွတ်လပ်ရေးနှင့်ထိုက်တန်သော မျှော်မှန်းသည့်ပန်းတိုင်သို့ရောက်ရှိပြီး ဂုဏ်တင့်တယ်စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီး၍ ရုန်းကန်နိုးထလာကြသည်။ မိမိတို့နှင့် မိမိတို့တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းခဲ့ကြသည်။ စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာခဲ့ကြသည်။ မိမိတို့သည် သူ့အပြစ်တင်၊ မိမိကိုယ်ကို အပြစ်မမြင်ဘဲ အကွဲကွဲအပြားပြားဖြစ်နေကြဆဲဖြစ်သည်။ မိမိကိုယ်ကိုပြုပြင်၍ မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းရွက်ကြရမည်။ သို့မှသာ လွတ်လပ်ရေးနှင့် ထိုက်တန်သော၊ လွတ်လပ်ရေးနှင့်တူတန်သော၊ လွတ်လပ်ရေးအရသာကို တန်းတူညီမျှရရှိခံစားနိုင်သော နိုင်ငံသားများဖြစ်နိုင်ပါကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

# သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော် မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်းနှင့် မြို့တော်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်



**တောင်ကြီး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြို့တော်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အရှေ့မြို့ပတ်လမ်းသည် တင်မြင့်ရီကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ပြီး တောင်ကြီးမြို့ ကျားခေါင်းလမ်းဆုံ တြိဂံကျွန်းမှ စူဠာမုနိဘုရားအနီး BOC အထိပါဝင်ကာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပမာဏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးက နိုင်လွန်ကတ္တရာ ခင်းပြီးပါက ယာဉ်ကြောပြမျဉ်းများ စနစ်တကျရေးဆွဲဆောင်ရွက်ရန်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် Road Sign များ၊ ရောင်ပြန်များ တပ်ဆင်သွားရန်နှင့် ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် မြို့သန့်ရှင်းသာယာလှပရေး၊ အမှိုက်ပလတ်စတစ်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေသည့် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အနောက်မြို့ပတ်လမ်းအနီး ကံ့ကော်တံတားမြောင်းမကြီးအတွင်း အမှိုက်/နုန်းများ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြတဲ့ တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်၊ ပြည်သူလူထုကို ချစ်တဲ့ ပြည်သူတွေရဲ့ အင်အားသည်သာ အဓိကဖြစ်ပါတယ်။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့ နိုင်ငံတော်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်၊ မြန်မာရဲ့ အနာဂတ်ကို မြန်မာတိုင်းရင်းသားပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ တည်ဆောက်နိုင်တဲ့ နိုင်ငံတော်ကို ရိုးသားတဲ့နိုင်ငံရေးနဲ့ ကျွန်တော်တို့ တည်ဆောက်ကြပါမယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါတယ်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



မြန်မာ့ရိုးရာ ဆံရစ်ဝိုင်းအလှ ဓာတ်ပုံ – မြဇော်

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ကရင်ရိုးရာဖားစည် ၉ ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားသည်။

**နှစ်သစ်ကူး**
**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သည့် ကရင်အမျိုးသား နှစ်သစ်ကူးသဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး မန်းစောလင်းခယ်က ဖတ်ကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဘဒ္ဒန္တသုမနနှင့် ကက်သလစ်ဘုန်းတော်ကြီး Fr.Pius မန်းသဟ္ဂီတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ရိုးရာပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်စဉ်။

# သထုံမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

**သထုံ ဇန်နဝါရီ ၂**

ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ သာသနာ့ဝုဒ္ဓိကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့်အနေဖြင့် ကိုဗစ်–၁၉ ကာလ စည်းကမ်းချက်များနှင့်အညီ အကျဉ်းချုံးကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းမှာ စည်းလုံးညီညွတ်စွာဖြင့် ဘိုးဘွားများချမှတ်ထားသည့် ရိုးရာဓလေ့တွေကို ဖော်ထုတ်သည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ပြီး လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုထုံးတမ်းတို့ကို မပျောက်ပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်းထိန်းသိမ်းသွားစေလိုကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

နှစ်သစ်ကူးပွဲတော်ကျင်းပရာတွင် နံနက်အရုဏ်တက်အချိန်၌ တက်ရောက်လာကြသည့် တိုင်းရင်းသားများက ကရင်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြခြင်း၊ သံဃာတော်များထံမှ တရားနာယူပြီး ဆွမ်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။



သထုံမြို့နယ်တွင် ကရင်တိုင်းသား စုစုပေါင်း ၈၀၀၀၀ ခန့် နေထိုင်လျက်ရှိပြီး မြို့နယ်အဆင့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို သထုံမြို့ပေါ်နှင့် ကရင်တိုင်းရင်းသား အများစုနေထိုင်သည့် ကျေးရွာ ၃၇ ရွာတို့တွင် အလှည့်ကျ နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း။

ယခင်နှစ်များတွင် သက်ကြီးပူဇော်ပွဲ၊ ဒုံးယိမ်းပြိုင်ပွဲများ၊ တိုင်းရင်းသူ အလှမယ်ရွေးချယ်ခြင်း၊ ရိုးရာလက်ဖွဲ့ပွဲ၊ ဓာတ်သဘင်၊ စတိတ်ရှိုးဖျော်ဖြေပွဲများ၊ ပြခန်းများနှင့် စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## ငပုတောမြို့နယ်၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပ

**ငပုတော ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟင်းအိုးချောင်း ကျေးရွာအုပ်စု ရေငံသရက်ကုန်းကျေးရွာ ဘောလုံးအားကစားကွင်းတွင် ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အကြိုနေ့ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ မန်းကျော်သက်က နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ညပိုင်းတွင် ကရင်ဒုံးယိမ်းအကများ၊ ကရင်တိုင်းရင်းသား သီချင်းများသီဆို၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပြီး ပွဲတော်သို့ တက်ရောက်လာသူများအား ကရင်ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

နုနုအေး(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားအလှူတော်ဓမ္မပူဇာပထမနေ့ တရားပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားအလှူတော် ဓမ္မပူဇာပထမနေ့တရားပွဲကို ဇန်နဝါရီ ၁ ရက် ညပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။



အဆိုပါ ဓမ္မပူဇာတရားပွဲပထမနေ့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ကြွရောက်တော်မူပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်ဦးတရားအလှူတော်မင်္ဂလာ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆရာတော်ဟောကြားတော်မူသည့် ရတနသုတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဆရာတော်ကြီး၏ ဓမ္မပူဇာတရားအလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး သာသနာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

နှစ်ဦးတရားပွဲကို ဇန်နဝါရီ ၁ ရက်တွင် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂ ရက်တွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ဇန်နဝါရီ ၃ ရက်တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသတို့က နှစ်ဦးတရားတော်များကို ညစဉ် ၇ နာရီတွင် ဟောပြောမည်ဖြစ်ပြီး SKYNET ရုပ်သံလိုင်း၊ BUDDHA Channel နှင့် မဟာဗောဓိရုပ်သံလိုင်းများမှ LIVE ထုတ်လွှင့်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



သံတောင်ကြီးမြို့ရှိ သာသနဝံ့ဟိတကာရီ တပ်ဦးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကစ္စာယန အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝံ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ဓမ္မသစ္စာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅) ရပ်ကွက်ရှိ အောင်ခေမာတွံတေးကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မစိုးရိမ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မဏိရတနာရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ မဟာဂန္ဓာရုံအေးရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အတုမရှိတိုက်ရွှေကျောင်းနှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ သာသနဝံ့ဟိတကာရီ တပ်ဦးဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနဝံ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနဝံ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့တို့၌ ဒေသခံပြည်သူ ၁၆၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၈၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၈၀၉ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၉၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၄၃၂ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၀၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၅၀၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နှစ်သစ်အခါသမယတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်သူ များပြား

**ကျိုက်ထို ဇန်နဝါရီ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ နှစ်သစ်ကူးအလုပ်ပိတ်ရက်များတွင် အေးချမ်းစွာ ဘုရားလာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အေးချမ်းစွာဘုရားဖူး**

ကျိုက်ထိုမြို့၏ အထင်ကရ ဘုရားတစ်ဆူဖြစ်သည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများက တောင်တက်ကား၊ ကေဘယ်လ်များဖြင့် တောင်တော်ပေါ်သို့ တက်ရောက်ကြပြီး ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ကာ အေးချမ်းစွာဖြင့် ဘုရားဖူးမြော်လျက်ရှိကြသည်။

အဆိုပါဘုရားဖူးလာပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုနိုင်ရေး ဘုရားဂေါပကအဖွဲ့များက နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းသန်းမော်(ကျိုက်ထို)**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဘားအံမြို့၌ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**ဘားအံ ဇန်နဝါရီ ၂**

ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ်၊ ကရင်အမျိုးသား အလံတင်အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီခန့်က ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

**လွှင့်ထူ**

ထို့နောက် ကရင်အမျိုးသားလူငယ်များ သယ်ဆောင်လာသော ကရင်အမျိုးသားအလံအား ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆို၍ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က တိုင်ထိပ်သို့လွှင့်ထူပေးပြီး ကရင်အမျိုးသားအလံအား အလေးပြုကြကာ အခမ်းအနားမှူးက ကရင်အမျိုးသားအလံတော်သမိုင်းကို ဖတ်ကြားသည်။

ယင်းနောက် နံနက် ၇ နာရီခန့်တွင် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို သီရိကွင်း၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ကရင်ရိုးရာ ကျွဲချိုမှုတ်၍ ဖားစည်တီးကာ ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော ကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို သဘာပတိ ဦးစောခင်မောင်မြင့်က ဖတ်ကြားသည်။



ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှပေးပို့သော ကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဖတ်ကြားသည်။

**ပေးအပ်**

ထို့နောက် ကရင်တိုင်းသားလူငယ်မောင်မယ်များက ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံအကျဉ်းကို ဗမာ၊ အရှေ့ပိုးကရင်၊ စကောဘာသာတို့ဖြင့် ဖတ်ကြားကြပြီး အခမ်းအနားမှူးက ဂုဏ်ပြုခံ အထင်ကရ သက်ကြီး ကရင်အဘိုးအဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုခံ အထင်ကရ သက်ကြီး ကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို တက်ရောက်လာကြသူများက စည်လုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော အောဟုအောဟောင် ကရင်တေးသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ်အတွင်း၌ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်




**နေပြည်တော် ဇန်နဝါရီ ၂**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပုသိမ်မြို့ ကမ်းနားလမ်း၌ ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာကွန်ကရစ် (AC) လမ်းသစ်အား ဖြတ်သန်းလှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော ရာမည လမ်းသွယ် ၂ လမ်း၊ ရာမညလမ်းသွယ် ၃ လမ်းနှင့် ရာမည လမ်းသွယ် ၇ လမ်း ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲများကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းများအား ဖြတ်သန်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝါးခယ်မမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် ကရင်အမျိုးသား အလံတင်ပွဲအခမ်းအနား ကျင်းပ

**ဝါးခယ်မ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံစိန်ကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာတွင် ယနေ့နံနက် ၆ နာရီက ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် ကရင်အမျိုးသားအလံတင်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပခဲ့ရာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ မန်းတီးတီးအပါ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၆၀ ခန့် တက်ရောက်သည်။

ကရင်အမျိုးသားအလံကို အလေးပြုကြပြီး လာရောက်ကြသည့် ဧည့်သည်များအား ထမနဲများပေးဝေလှူဒါန်းခဲ့ကြောင်း၊ မြို့နယ်အဆင့် အလံတင်အခမ်းအနားကို (၁၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ အလားတူ ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင်လည်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်များ ကျင်းပခဲ့ကြောင်း သိရသည်။ **စောသန္တာဦး(ပြန်/ဆက်)**



# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အလံတင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသည့် ၂၇၆၁ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်နှင့် အလံတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ ပြည်ထောင်စုခန်းမရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားကို မင်္ဂလာဖားစည်တီး၊ ပဒိုးမှုတ်ကာ ဖွင့်လှစ်ခဲ့ပြီး တာဝန်ရှိသူတစ်ဦးက ကရင်အမျိုးသား အလံတော်အား လွှင့်တင်ခြင်း၊ နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတော်တို့အား တက်ရောက်လာသူများက အလေးပြုခြင်း၊ ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာခြင်းနှင့် ဆိုင်သော ဥပဒေကြမ်းနှင့် ဦးဆောင်ကြိုးပမ်းခဲ့သူများ၏ အမည်စာရင်းများ ဖတ်ကြားခြင်းတို့ ပြုလုပ်သည်။

ဆက်လက်၍ ပြာသိုလဆန်း ၁ ရက်နေ့ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှ ပေးပို့သောသဝဏ်လွှာကိုပြည်ထောင်စု တိုင်းရင်းသား ကျေးရွာတာဝန်ခံ အရာရှိ ဦးမျိုးဝင်းက ဖတ်ကြားသည်။

ထို့နောက် ကရင်အမျိုးသား သီချင်းသီဆိုခြင်း၊ ကရင်ရိုးရာ အစားအစာများဖြင့် ဧည့်ခံခြင်းတို့အပြင် တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ကရင်တိုင်းရင်းသား ဘိုးဘွားများ မြန်မာနိုင်ငံအတွင်းသို့ စတင်အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှစ၍ ကရင်နှစ်သစ်ကူးနေ့ကို နှစ်စဉ်သလေးထိုင်ခုတ်ဖို (ပြာသိုလဆန်း ၁ ရက်)နေ့တွင် ကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ပျော်ရွှင်ကြည်နူးစွာ ကျင်းပ ဆင်နွှဲလေ့ရှိကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ယနေ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- စိမ်းခက်**
**ဓာတ်ပုံ- ဖိုးသား**



(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထင်ဟပ်သည့် လူ့တန်ဖိုး

**ဒေါက်တာမောင်သင်း**

မြန်မာများ ကျွန်ဘဝမှ လွတ်ကင်းပြီး သခင်ဘဝသို့ ပြန်လည်ရောက်ရှိသည့် လွတ်လပ်ရေးနေ့များကို တစ်နေ့ပြီးတစ်နေ့ ဖြတ်ကျော်ခဲ့သည်မှာ ၇၄ နှစ်ပင်ရှိခဲ့ပါပြီ။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက ကျွန်တော်တို့ကို ဘာတွေပေးခဲ့ပါသလဲ။ များသောအားဖြင့် "အသက်သွေးတွေ ပေးဆပ်ပြီးမှ ရတာ၊ ပြန်ရဖို့ တိုက်ရတာ နှစ်တစ်ရာကျော်၊ ဆုံးရှုံးနိုင်တာက တစ်ရက်အတွင်း" စသည်ဖြင့် ရေးသားပြောဆိုကြပါသည်။ မှန်ပါသည်။ သို့သော် မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက ကျွန်တော်တို့ နိုင်ငံသားတစ်ဦးချင်း၏ဘဝနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ တိုးတက်အောင်မြင်မှုကို ဘယ်လိုပေးစွမ်းနိုင်ပါသလဲ။ သမိုင်းဆိုတာ "မအအောင်"၊ "အလိမ်မခံရအောင်" ဆိုသည့် ဆရာကြီးဒေါက်တာသန်းထွန်း၏အဆိုအောက်မှာ ကျေနပ်နှစ်သိမ့်နေကြမည်ဆိုလျှင်ဖြင့် ကျွန်တော်တို့တစ်တွေသည် အောင်မြင်ထွန်းတောက်သည့်ဘဝသို့ ရောက်ကြလိမ့်မည်မထင်ပါ။

ဘာလို့လဲဆိုလျှင် ဆရာကြီး၏ "အငှားစကား" ကို ကိုယ်ပိုင်ဥစ္စာဖြစ်အောင် ထိုးထွင်းကြံဆနိုင်ခြင်းကင်းကြသူများဖြစ်နေကြလို့ပါပဲ။ သမိုင်းကို "မအရုံ"၊ "အလိမ်မခံရလောက်ရုံ" အတွက်လောက်ဖြင့်တော့ မသင်ကြပါနှင့်ဟု အကြံပြုပါရစေ။ "တစ်ဦးချင်းဘဝမှသည် မြန်မာ့လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် သင်ခန်းစာရယူနိုင်ရန်" နှင့် ပြီးနောက် "သူများထက် နှာတစ်ဖျားသာချင်လို့" သမိုင်းကို သင်ရမှာပါ။ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအတွက် တိုးတက်စေလိုသည့်အမြင်ဖြင့် အမှားကိုရှောင်ရှားပြီး အောင်မြင်သည့်လမ်းထွင်နိုင်ရန် သမိုင်းကို သင်ကြားရန် လိုပေလိမ့်မည်။ တန်ဖိုးကြီးစွာ ရင်းနှီးပြီးမှရခဲ့သည့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက မြန်မာ့လူ့အဖွဲ့အစည်းနှင့် လူတစ်ဦးချင်း၏ လူ့တန်ဖိုးမြင့်မားမှုနှင့် ဘဝအောင်မြင်ရေးကိုလည်း ပေးစွမ်းနိုင်ကြောင်း စာရေးသူလေ့လာတွေ့ရှိမှုကို တင်ပြလိုက်ပါသည်။

**ပြင်းပြသည့်စိတ်ဆန္ဒရှိခြင်း**

အောင်မြင်သည့်သူတိုင်းတွင် အဓိကပိုင်ဆိုင်သည်က အောင်မြင်လိုသည့်စိတ်ဆန္ဒ ပြင်းပြခြင်းပါ။ သာမန်ဆန္ဒရှိရုံသက်သက်မဟုတ်ပါ။ ပြင်းပြသည့်ဆန္ဒရှိရပါမည်။ လွတ်လပ်ရေးခေါင်းဆောင်ကြီးများသည် စားလည်းသည်စိတ်၊ သွားလည်းသည်စိတ်၊ အိပ်လည်း သည်စိတ်ဖြင့် လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ခြင်းပါ။ ယနေ့ Apple ဆော့ဖ်ဝဲလ်ကုမ္ပဏီကို တည်ထောင်ခဲ့သူ စတိဗ်ဂျော့ချ်၏ စကားဖြစ်သည့် "ရူးသွပ်တဲ့စိတ်အမြဲရှိနေပါ" (Stay in foolish) ဆိုသည့်အတိုင်း ရည်မှန်းချက်ကို ပတ်ဝန်းကျင်ထက် ထူးပြီး ဆောင်ရွက်ခဲ့ကြခြင်းပါ။

အမျိုးသားကျောင်းမှာ၊ တက္ကသိုလ်မှာ၊ ဝံသာနုအသင်းမှာ၊ တို့ဗမာအစည်းအရုံးမှာ၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂနှင့် တက္ကသိုလ်ကျောင်းသားများဆီမှာ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများဆီမှာ၊ နိုင်ငံရေးသမားများဆီမှာနှင့် နောက်ဆုံး လှည်းနေလှေအောင်း မြင်းဇောင်းမှာ နေထိုင်ကြသူများဆီမှာလည်း **"သူ့ကျွန်ဘဝက လွတ်မြောက်လိုစိတ်"**ဖြင့် တောင်းဆို၊ လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြ၍သာ **"လွတ်လပ်တဲ့အရသာ"** ကို ကျွန်တော်တို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကတည်းက ရရှိခဲ့ကြခြင်းပါ။

ထိုစိတ်သာ မပြင်းပြခဲ့လျှင်၊ ရာထူးဖြင့် ဆွယ်လျှင် ပါသွားနိုင်သလို အသက်ကိုနှင်း၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြမှာလည်း မဟုတ်ပေ။ သို့ဖြစ်၍ အောင်မြင်ချင်သူ၊ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနေနိုင်ကြသူများသည် "မိမိ၏ ရည်မှန်းချက်ကို မရောက်ရောက်အောင် ချီတက်မည်" ဆိုသည့် ဆန္ဒာဓိပတိ ရှိကိုရှိရပါလိမ့်မည်။ ထိုပြင်းပြသည့်စိတ်ထားမရှိဘဲနှင့် အောင်မြင်လိုခြင်းသည် ကုန်းခေါင်ခေါင်ရှိ လှေပေါ်တက်ထိုင်နေသည့်လူလိုပါ။ ခရီးရောက်စရာ အကြောင်းမရှိပေ။ လွတ်လပ်ရေးခေါင်းဆောင်များ၏ နောက်မျိုးဆက်များဖြစ်သည့် ကျွန်တော်တို့တိုင်းရင်းသားအားလုံးပြည်က အလီဘာဘာ ကုမ္ပဏီသူဌေးကြီးဖြစ်လာသူ **"ဂျက်မား"** က "အောင်မြင်ချင်ရင် ခင်ဗျားပေးဆပ်ရမယ်၊ အလကားရတာ ဘာမှမရှိပါ" တဲ့။ သူနှင့် သူ့အဖွဲ့များ တစ်နေ့ကို ၁၈ နာရီခန့် အလုပ်ခွင်တွင် ပေးဆပ်နေရပါသည်။ သူကိုယ်တိုင်လည်း အလုပ်အတွက် မရပ်မနား ခရီးများသွားနေရပါသည်။ သူလိုပါပဲ။ တီထွင်သူကဝေကြီးဟု နာမည်ကြီးသည့် **"သောမတ်အယ်ဒီဆင်"** သည်လည်း အမြဲတမ်းတီထွင်မှုတစ်ခုပြီးတစ်ခုလုပ်နေသည်မှာ တစ်နေ့ပျမ်းမျှ ၁၈ နာရီရှိပါသတဲ့။ သူ့ကို တီထွင်သူကဝေကြီး (သို့မဟုတ်) တီထွင်သူ ဂျီးနီးယပ်စ် (Genius) ဟု ခေါ်ကြ၊ အမည်တပ်ကြပါသည်။ အဲဒါကို သူပြန်ပြောသည်က **"ဂျီးနီးယပ်စ်ဆိုတာ ဦးနှောက် ၁ ကျပ်သား နှင့် ချွေး ၉၉ ကျပ်သား ရောထားတာပါပဲ"** တဲ့။

"အလုပ်ကို ဇွဲနှင့် ပေးဆပ်မှ သင်အောင်မြင်မှာပါ" ဟုဆိုခြင်းပါ။ နိုင်ငံသားတစ်ဦးချင်းမှသည် တစ်နိုင်ငံသားလုံးအနေဖြင့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ "သူများက ခြေတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က လေးငါးဆယ်လှမ်း လှမ်းနိုင်မှ" ဟူသည့်အဆိုအမိန့်အတိုင်း သာမန်ထက်ပိုသည့် ဇွဲ၊ လုံ့လဖြင့် ကြိုးပမ်းပေးဆပ်ပါမှ ကျွန်တော်တို့မြန်မာများ အောင်မြင်သည့်ဘဝ ရောက်မှာပါ။



ဗိုလ်ချုပ်အောင်ဆန်း (ရှေ့ဆုံးတန်းအလယ်)နှင့် ဗိုလ်မှူးကြီး စူဇူကီး (ခေါ်) ဗိုလ်မိုးကြိုး (ရှေ့ဆုံးတန်းမှ မြန်မာပုဆိုး၊ တိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်းပေါင်းထားသူ)တို့ ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်အချို့ကို တွေ့ရစဉ်။

အနေဖြင့်လည်း မိမိတို့၏ဘဝအောင်မြင်ရေးအတွက် မဖြစ်မနေပြင်းပြသည့်ဆန္ဒ ရှိနေရပေမည်။ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်ခြင်းသည် ပင်လျှင် တိုင်းပြည်ကိုတိုးတက်အောင် ကြိုးပမ်းနေခြင်းပါ။ နိုင်ငံသားတစ်ဦးချင်းစီ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းလည်းဖြစ်ပါသည်။

**ဘာမျှအလကားမရပေ**

အောင်မြင်လိုစိတ်ရှိရုံဖြင့် မပြီးသေးပါ။ ပေးဆပ်မှုဖြင့်သာ အောင်မြင်မှုကို ရနိုင်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုခရီးစဉ်တွင် ဖြည့်ဆည်းမှု၊ ပေးဆပ်မှုမြောက်မြားစွာဖြင့် ရင်းနှီးပြီးမှရခြင်းပါ။ ပေးဆပ်ရသည့်တန်ဖိုးကလည်း မနည်းပါ။ ခေါင်းဆောင်များ၏ အသက်၊ သွေး၊ ချွေးတွေ စတေးခဲ့ပြီးမှ ရခဲ့သည့် လွတ်လပ်ရေးပါ။ ပြန်လည်အစားထိုးစရာ အပိုမပါသည့် လူ့အသက်များကို ပေးဆပ်ခဲ့ခြင်းပါ။ ဒါဟာလည်း သူတို့ကိုယ်ကျိုး၊ သူတို့ဆွေမျိုးသားချင်းများ၏ ကိုယ်ကျိုးအတွက် မဟုတ်ခဲ့ပါ။ မြန်မာတိုင်းရင်းသားအားလုံးအတွက် ပေးဆပ်ခဲ့ကြခြင်းပါ။ သူတို့၏ အောင်မြင်မှုသည် ပေးဆပ်ခြင်းကြောင့်သာ မော်ကွန်းတင်ခံရခြင်းပါ။ အနာမခံဘဲ အသာစံချင်၍ မရပါ။ အလွန်ဆင်းရဲသည့်ဘဝကနေ ယနေ့တရုတ်အောင်မြင်မှုသည် အလုပ်မလုပ်ဘဲထိုင်နေသူ၊ အိပ်စောင့်နေသူများနှင့် ထိုက်တန်သည့်အရာမဟုတ်ပါ။ လူတစ်ဦးချင်းစီ၏ အောင်မြင်မှုအတွက် ပေးဆပ်မှုသည် မိမိအတွက်ရော နိုင်ငံ့လွတ်လပ်ရေး ဆက်လက်တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံဖွံ့ဖြိုးအောင် ကျွဲကူးရေပါဖြစ်လျှင်တော့ နတ်လူသာခုခေါ်သည့် လုပ်ရပ်ပါ။

**သင့်ရဲ့သားကောင် သတ်မှတ်ပြီးပါပြီလား**

သင်နှင့် ကျွန်တော်တို့ အမှန်တကယ်ဘာဖြစ်ချင်တာလဲ။ ဘယ်လိုဘဝမျိုး ပိုင်ဆိုင်ချင်ရတာလဲ။ တကယ်ဖြစ်ချင်၊ တကယ်လုပ်၊ အဟုတ်ဖြစ်ခဲ့တာ မြန်မာ့လွတ်လပ်ရေးပါ။ ထီးကျိုးစည်ပေါက်ပြီးချိန်ကတည်းက ဝန်းသိုစော်ဘွားကြီး၊ ဗိုလ်ကြွန့်ဘိစ်၊ မြင်စိုင်းမင်းသား၊ ဗိုလ်ချို၊ ဗိုလ်လရောင် စသူတို့လက်နက်စွဲကိုင်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၊ ပြီးနောက် ဂျီစီဘီအေ၊ အမျိုးသားကျောင်းများ၊ ကျောင်းသားသမဂ္ဂများ၊ တို့ဗမာအစည်းအရုံး၊ အလုပ်သမားများ၏ ရေနံမြေသပိတ်၊ တောင်သူလယ်သမားများ၏ ဆရာစံတော်လှန်ရေး၊ ဘီအိုင်အေ၊ ဂျပန်တော်လှန်ရေး၊ ဘီဒီအေနှင့် နောက်တွင် ကန္ဒီဆွေးနွေးပွဲ၊ အစိုးရဝန်ထမ်းပေါင်းစုံအထွေထွေသပိတ်၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံစာချုပ်နှင့် နောက်ဆုံးတွင် နု-အက်တလီစာချုပ်များချုပ်ဆိုကာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ရည်မှန်းချက်နောက်သို့ အဆက်မပြတ်လိုက်ခဲ့၍သာ လွတ်လပ်ရေးကို ရခဲ့ပါသည်။

ယနေ့ ကုန်းနေသတ္တဝါများထဲတွင် အပြေးအမြန်ဆုံးသက်ရှိသည် ချီတာ (Cheetah) ဟုခေါ်သည့်အာဖရိကကျားသစ်ပါ။ ချီတာ၏မျိုးဆက်သည် အရင်တုန်းက အလွန်နှေးပါသည်။ နှေးသည့်ဘဝကနေ ကမ္ဘာ့အပြေးချန်ပီယံ ဘယ်လိုဖြစ်လာသလဲဆိုသည်ကို ပညာရှင်များက လေ့လာကြသည်။ ချီတာသည် အစာရှာရန်ထွက်လာလျှင် ဘယ်အကောင်ကို လိုက်ရမည်ဆိုသည့် မိမိ၏သားကောင်ကို အရင်သတ်မှတ်သည်။ ပြီးတော့ ထိုသတ်မှတ်ထားသည့်သားကောင်နောက်ကိုသာ မမိမချင်း လိုက်သည်။ ထိုသို့လိုက်သည့်အချိန်တွင် ဘေးနား၌ အလွယ်တကူဖမ်း၍ရနိုင်သည့် သားကောင်များရှိပေမယ့်လည်း ပြောင်းပြီးမဖမ်းပါ။ သက်သာမည့်၊ အချောင်ရမည့်ဘက်သို့ မလိုက်ခဲ့ကြပါ။ မိမိ၏ သတ်မှတ်ထားသည့် သားကောင်နောက်ကိုသာ မမိမချင်းလိုက်သည်။ ထိုသို့ **"သတ်မှတ်ပြီးတဲ့ သားကောင်နောက်ကိုသာ မမှိတ်မသုန်လိုက်တတ်သည့်အကျင့်ကောင်း"** သည် မျိုးဆက်တစ်ခုပြီး တစ်ခုကြာလာသည့်အခါ ဗီဇအဖြစ် ပြောင်းလဲလာကာ နှေးသည့်ချီတာသည် ကမ္ဘာတွင် အပြေးအမြန်ဆုံးသတ္တဝါဖြစ်လာသည်ဆိုသည်ကို လေ့လာတွေ့ရှိကြသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသည် ၁၈၈၆ ခုနှစ်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ နှစ်ပေါင်း ၆၀ ကျော်ကြာညောင်းခဲ့ပါသည်။ ဝန်းသိုစော်ဘွားကြီး၊ ဗိုလ်ကြွန့်ဘိစ်၊ ဗိုလ်ချိုနှင့် ဗိုလ်လရောင်စသည်တို့မှသည် ဦးဥတ္တမ၊ ဦးဝိစာရ၊ ဆရာစံ၊ ဗိုလ်အောင်ကျော်၊ သခင်ဘိုးလှကြီးတို့ အလယ်၊ သခင်ဘသောင်း၊ သခင်ဗဟိန်း၊ ဗိုလ်တေဇနှင့် ရဲဘော်သုံးကျိပ်၊ ဦးနုတို့အထိ မျိုးဆက်များသာ ပြောင်းလဲခဲ့သည်။ မျိုးဆက်အသီးသီးတို့ဆက်လိုက်သည့်သားကောင်ကတော့ မပြောင်းလဲပါ။ သားကောင်နောက်ကို မရမချင်း လက်ရုံးရည်၊ နှလုံးရည်ဖြင့် လိုက်၍တိုက်ခဲ့ကြသည်။ နောက်ဆုံးတွင် **"လွတ်လပ်ရေးသားကောင် အမွန်အမြတ်"** ကို အမိဖမ်းနိုင်ခဲ့သည်။ ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။

ထိုအချိန်က လွတ်လပ်ရေးခေါင်းဆောင်များကို ရာထူးဖြင့်ဆွယ်၏။ အတ္တကိုယ်ကျိုးမက်ပြီး အချောင်မလိုက်ခဲ့။ အာဏာဖြင့် ခြိမ်းခြောက်၏။ မကြောက်ခဲ့ပေ။ သားကောင်နောက်သာ တစိုက်မတ်မတ်လိုက်ခဲ့ကြပါ၏။ ကျွန်တော်တို့အနေဖြင့်လည်း တစ်ဦးချင်းပုဂ္ဂလိကအောင်မြင်ရေးသားကောင်ကို သတ်မှတ်ရန်တော့လိုပါလိမ့်မည်။

**စာမျက်နှာ ၇ သို့** ⁕

✳ စာမျက်နှာ ၆ မှ

နိုင်ငံရေးခေါင်းဆောင်လား၊ စီးပွားရေးလုပ်ငန်းရှင်ကြီးလား၊ အသိပညာ၊ အတတ်ပညာရှင်လား၊ အနုပညာရှင်လားဆိုသည် သတ်မှတ်ရန် လိုပေပြီ။ မည်သည့်သားကောင်ဖြစ်ပါစေ၊ သင်တို့၊ ကျွန်တော်တို့ တစ်ဦးချင်း၏ဘဝအတွက် သတ်မှတ်သည့် သားကောင်သည် "လွတ်လပ်ရေးအစွန့်ရှည် တည်တံ့ခိုင်မြဲရေးကို ဦးတည်သည့် သားကောင်မွန်၊ သားကောင်မြတ်ဖြစ်ရန်" တော့ ပညာမျက်စိဖြင့် ရှာတတ်၊ ဖွေတတ်၊ သတ်မှတ်တတ်ရန် လိုပေလိမ့်မည်။

### လုပ်ချင်သည့်အလုပ်ကို လုပ်တတ်သည့် ပညာက ဦးဆောင်ပါမှ

ကျွန်တော်တို့ဘိုးဘွား တိုင်းရင်းသားအားလုံးသည် ဆုံးရှုံးခဲ့သည့်လွတ်လပ်ရေးကို အနုနည်း၊ လက်နက်ကိုင်နည်းတို့ဖြင့် တွန်းလှန်ခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေးတွင် အဓိကထင်ရှားသည်က ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံနှင့် ရဲဘော်သုံးကျိပ်ဦးဆောင်သည့် လက်နက်ကိုင်တော်လှန်ရေးပါ။ လက်နက်ကိုင်တော်လှန်ရေးလုပ်မည်ဆိုလျှင် မဖြစ်မနေတတ်မြောက်ရသည်က "သေနင်္ဂဗျူဟာစစ်ပညာ"ပါပဲ။ သေနတ်ကိုင်တတ်၊ ကျည်ဆန်ထွက်အောင် ခလုတ်ဖြုတ်တတ်ရုံနှင့် မလုံလောက်ပါ။ စစ်ချီ၊ စစ်တက်၊ စစ်ထိုး၊ စစ်ပြန်၊ စစ်မြူ စစ်ပရိယာယ်စသည်ဖြင့် စစ်ပညာကို နားလည်တတ်ကျွမ်းရန် လိုပါသည်။

ဆရာစံနှင့်အဖွဲ့ ကျွန်တော်တို့ကိုပေးခဲ့သည့် သင်ခန်းစာက သူတို့ ဘယ်မှာသေနင်္ဂဗျူဟာစစ်ပညာကို သင်ခဲ့ပါလဲဆိုသည်ကို ရှာဖွေ၍မရပါ။ ဒူးလေးပစ်၊ ဓားခုတ်၊ လှံထိုးလေ့ကျင့်ခြင်းနှင့် ဓားပြီး၊ သေနတ်ပြီး ဆေးထိုး၊ လက်ဖွဲ့ဆောင်တာတို့၊ ကိုယ်ခံပညာဖြစ်သည့် သိုင်းနှင့် ဗန်တိုတို့ကို သင်သည်ကတော့ လေ့လာမိပါသည်။ ခေတ်မီစစ်ပညာနှင့် ခေတ်မီလက်နက်များကို ကိုင်ဆောင်အသုံးပြုပြီး သေနင်္ဂဗျူဟာကြွယ်ဝစွာဖြင့် တော်လှန်ခဲ့ခြင်းမဟုတ်ပေ။ ဗိုလ်တေဇဦးဆောင်သည့် "ရဲဘော်သုံးကျိပ်" အဖွဲ့သည် ခေတ်မီစစ်ပညာကို ဂျပန်ပိုင် "ဟိုင်နန်" ကျွန်းပေါ်တွင် မေ့လဲသည်အထိ ဖွဲလုံ့လဖြင့် ပင်ပန်းစွာသင်ယူခဲ့ကြသည်။ သင်ခဲ့သည့်စစ်ပညာကလည်း ဥရောပတွင် နာမည်ကြီးရှုရှားကို ထိုအချိန်က အောင်ပွဲခံထားသည့် ဂျပန်၏စစ်ပညာပါ။ ပြီးတော့မှ တပ်မတော်ကို ဖွဲ့ပါသည်။ ဂျပန်နှင့်ပေါင်းကာ တော်လှန်ခဲ့သည်။

ဆရာစံတို့အဖွဲ့သည် ထိုအချိန်က နေမဝင်အင်ပါယာ အင်္ဂလိပ်ကို တော်လှန်ရန်အချိန်ကို ရှာကြည့်သည့်အခါ သူကိုယ်တိုင်နှင့် သူ့ဆရာ၏ အကူအညီဖြင့် ရဟန်းတစ်ပါးတွက်ချက်ထားသည့် ဗေဒင်ကိန်းခန်းအရ ရက်ကိုယူ၍ တော်လှန်ခဲ့သည်ဟု မှတ်သားဖူးပါသည်။ ရဲဘော်သုံးကျိပ်မတိုင်မီက တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များနှင့် လူကြီးများသည် ထိုအချိန်က ဖြစ်ပျက်နေသည့် ကမ္ဘာ့နိုင်ငံရေးရာများကို အစဉ်မပြတ်လေ့လာနေသူများပါ။ ဥရောပတွင် စစ်မီးတောက်ပြီး ဗြိတိသျှကျွန်းကလေးအား ဂျာမန်ဟစ်တလာလက်အောက် မရောက်အောင် ကြိုးပမ်းနေသည့်ကာလကို သတိပြုမိကြပါသည်။ ထိုအချိန်သည် နေမဝင်အင်ပါယာ၏ဩဇာအာဏာ မြန်မာ့မြေပေါ်တွင် အားအနည်းဆုံးအချိန်ကိုရွေးပြီးတိုက်ခဲ့ခြင်းပါ။ မြန်မာ့သမိုင်းတွင် "အင်္ဂလိပ်အခက်၊ ဗမာအချက်" ဆိုပြီး မှတ်တမ်းတင်ခဲ့ပါသည်။ ဆရာစံနှင့်အဖွဲ့ ကမ္ဘာ့ရေးရာလေ့လာမှုမှတ်တမ်း မတွေ့မိပါ။ ပြီးတော့ ကမ္ဘာ့နိုင်ငံရေးရာအဖြာဖြာကို လေ့လာထားသူများပီပီ လွတ်လပ်ရေးရလျှင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြန်မသွားလိုတော့ပါ။ သမ္မတနိုင်ငံတော်အဖြစ်သာ ချီတက်လိုပါသည်။ ဆရာစံကတော့ "သုပဏ္ဏက ဂဠုန်ရာဇာ" ဘွဲ့ခံပြီး ဘုရင်စနစ်ဆီ နောက်ကြောင်းပြန်လှည့်ရန် ဦးတည်နေသည်ဟု လေ့လာမိပါသည်။

**ကျွန်တော်တို့သည် တန်ဖိုးရှိသည့် လူသားဖြစ်လိုလျှင် လွတ်လပ်ရေးခေါင်းဆောင်များ အသက်၊ သွေးနှင့် ရင်းခဲ့သည့် လွတ်လပ်ရေးကို ထိန်းသိမ်းရန်၊ ကာကွယ်ရန်၊ စောင့်ရှောက်ရန် တာဝန်ရှိသူဟု သင်တို့၊ ကျွန်တော်တို့ တစ်ဦးချင်း၏ ဘဝအောင်မြင်ရေးကို ကြိုးပမ်းရင်း ခံယူလုပ်ဆောင်နေလျှင် ကျွန်တော်တို့ဆောင်ရွက်သည့် အဆင့်နှင့်ညီသည့် တန်ဖိုးရှိလူသားဖြစ်နေပါပြီ။ နယ်ပယ်တစ်ခုခုတွင် လူအများစုက အောင်မြင်ကျော်ကြားသူ နိုင်ငံသားဟု သတ်မှတ်သော်လည်း လွတ်လပ်ရေးကို ထိပါးသူ၊ ဖျက်ဆီးသူ (သို့မဟုတ်) ထိန်းသိမ်းကာကွယ်ရန် ပျက်ကွက်နေသူဖြစ်နေလျှင် သမိုင်းကတော့ တာဝန်မဲ့သူဟုသာ မှတ်တမ်းတင်ပေလိမ့်မည်**

အထက်ပါ တော်လှန်ရေးနှစ်ဖွဲ့တွင် ဆရာစံ၏ ပြင်းထန်သည့် မျိုးချစ်စိတ်ဓာတ်၊ လယ်သမားများကို အင်္ဂလိပ်နှင့် မြေပိုင်ရှင်များ၏ နှိပ်စက်မှုအောက်မှ လွတ်မြောက်လိုသော အမျိုးသားရေးစိတ်ဓာတ်သည် ရဲဘော်သုံးကျိပ်တို့၏ မျိုးချစ်စိတ်၊ လွတ်လပ်လိုစိတ်ထက် သာလွန်သည်ဟု မြင်မိပါသည်။ အားနည်းသည်က ထိုပြင်းပြသည့်ဆန္ဒကို အကောင်အထည်ဖော်ရာတွင် ပညာနှင့်ယှဉ်တွဲနိုင်မှုမရှိခြင်းပါ။ လုပ်ချင်သည့် လက်နက်ကိုင်တော်လှန်ရေး၏ သော့ချက်ဖြစ်သည့် သေနင်္ဂဗျူဟာစစ်ပညာကို မသင်ယူခဲ့ခြင်းပါ။

ထို့အပြင် လွတ်လပ်ရေးကြိုးပမ်းမှုသည် စစ်ရေးသက်သက်မဟုတ်ပါ။ နိုင်ငံရေးကို စစ်ရေးဖြင့် အကောင်အထည်ဖော်ခြင်းပါ။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံရေးရာအဖြာဖြာကို လေ့လာမှုအားနည်းခြင်းလည်းပါသဖြင့် နေမဝင်အင်ပါယာ၏ အင်အားချည့်နဲ့မည့် အချိန်ကို မတွက်ဆနိုင်ဘဲ ဗေဒင်အရ ထတိုက်မိသဖြင့် နောက်ဆုံးတွင် တစ်တိုင်းပြည်လုံးကို မကယ်နိုင်သည့် အဖြစ်မျိုး ကြုံရသည်ဟု စာရေးသူမြင်မိပါသည်။

ရဲဘော်သုံးကျိပ်အဖွဲ့ကတော့ ဖက်ဆစ်တို့ကို မိတ်ဖွဲ့ခေါ်ဆောင်လာခဲ့သော်လည်း မဟာန်သဖြင့် အင်္ဂလိပ်နှင့်ပြန်ပေါင်းကာ ဂျပန်ကို သူတို့သင်ပေးသည့်စစ်ပညာဖြင့်ပင် ပြန်လည်မောင်းထုတ်ခဲ့သည်။ ဆရာစံ၏တော်လှန်ရေးသမိုင်းက ဆရာစံ အဖမ်းခံရ၊ ကြိုးပေးအသတ်ခံရသည့် ၂၈-၁၁-၁၉၃၁ ရက်နေ့ နောက်ပိုင်း အများဆုံးတစ်နှစ်အကြာတွင် လွတ်လပ်ရေးကြိုးပမ်းမှုရော၊ ဂဠုန်တပ်ရော ပျောက်ကွယ်ခဲ့ပါသည်။

ဗိုလ်တေဇအဖွဲ့သည် ဂျပန်တော်လှန်ရေးအပြီးတွင် စစ်ပညာပြည့်ဝသည့် တပ်မတော်ကို BIA မှ BDA သို့ ပြောင်းခဲ့သည်။ ထိုတပ်မတော်သည် ယနေ့ မြန်မာ့တပ်မတော်အဖြစ် ဆက်လက်ရှင်သန်ကာ နိုင်ငံ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဆဲပါ။ လက်နက်ကိုင်တိုက်ပွဲပြီး၍ လွတ်လပ်ရေးမရသေးသဖြင့် နှလုံးရည်တိုက်ပွဲသို့ ပြောင်းလဲဦးတည်ခဲ့ကြသည်။ "ကန္ဒီဆွေးနွေးပွဲ"၊ "အောင်ဆန်း-အက်တလီစာချုပ်"၊ တိုင်းရင်းသားအားလုံး သူ့ကျွန်မခံလိုသော သဘောတူညီချက် "ပင်လုံစာချုပ်" နှင့် နောက်ဆုံး ဗိုလ်တေဇလုပ်ကြံခံရ၍ ကျဆုံးသော်လည်း "နု-အက်တလီစာချုပ်" ဟူသည့် "စားပွဲဝိုင်းဆွေးနွေးမှုအတတ်ပညာ" ဖြင့် မြန်မာတိုင်းရင်းသားအားလုံး အမိဖမ်းချင်သည့် သားကောင်အမွန်အမြတ် "လွတ်လပ်ရေး" ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကမ္ဘာသို့ ကြေညာနိုင်ခဲ့သည်။ "လုပ်ချင်သည့် အလုပ်ကို လုပ်တတ်သည့်ပညာက ဦးဆောင်" ခဲ့၍သာ မြန်မာ့လွတ်လပ်ရေးအသီးအပွင့်ကို မြန်မာတိုင်းရင်းသားများ ခံစားခဲ့ရခြင်းပါ။

### အောင်မြင်သူလား၊ တန်ဖိုးရှိသူလား

အောင်မြင်သူများအား ကာလတစ်ခုပြီးလျှင် မေ့သွားတတ်ပါသည်။ တစ်ခေတ်တစ်ခါက အောင်မြင်သူ၊ ကျော်ကြားသူများအဖြစ်သာ မှတ်တမ်းတင်ခံရပါမည်။ တန်ဖိုးရှိသည့်သူဆိုသည်ကတော့ မြန်မာနိုင်ငံတည်ရှိနေသရွေ့ ရှင်သန်နေပါလိမ့်မည်။ အထက်ပါ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် အသက်ပေးခဲ့ကြသည့် ဆရာစံနှင့် ဗိုလ်တေဇ (ခေါ်) ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သည် "တန်ဖိုးမြင့်လူသားများ" ပါ။ မြန်မာလူမျိုးများက သူတို့ကို ဘယ်သောအခါမျှ မေ့လိမ့်မည်မဟုတ်ပေ။ ပြင်းပြသည့်ဆန္ဒသည် အတ္တကိုယ်ကျိုးအတွက်သာဆိုလျှင် အောင်မြင်သူဘဝနှင့်သာ အဆုံးသတ်သွားပါလိမ့်မည်။ လွတ်လပ်ရေးကြိုးပမ်းသူများကတော့ သူတို့၏ ခံယူချက်၊ စိတ်ဆန္ဒဟာ သူတို့ကိုယ်ကျိုးလုံးဝမပါခဲ့ပါ။ နောက်မျိုးဆက် မြန်မာတိုင်းရင်းသားများ ကောင်းစားဖို့သက်သက် ရည်မှန်းပြီး လုပ်ဆောင်ခဲ့ခြင်းပါ။ သည်အတွက် အပိုမပါသည့် တစ်ခုတည်းသောအသက်ကို ပေးဆပ်ရန်လည်း ဝန်မလေးကြသူများပါ။ ပေးလည်းပေးဆပ်ခဲ့ကြသည်။

ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး၏ "တန်ဖိုးမြင့်လူသား" စိတ်ထားနှစ်ရပ်ကို သာဓကပြပါရစေ။ ပထမအချက်ကတော့ တောင်ငူဘုရင် တပင်ရွှေထီး ယစ်ထုပ်ကြီးဖြစ်နေ၍ တိုင်းပြည်ရေးရာများကို ဘုရင့်နောင်က စီမံခန့်ခွဲနေသည်ကိုကြည့်ပြီး မှူးမတ်များက ထီးနန်းသိမ်းယူရန် အကြံပြုသည့်အခါတွင် **"အစ်ကိုတို့ ဒီစကား ဒီမှာသာပြီးစေ၊ ကျွန်ုပ်မလုပ်နိုင်"** တဲ့။ လောကီ၏အမြင့်ဆုံးစည်းစိမ် မင်းအာဏာကို မိမိ၏ အရှင်ကို သစ္စာဖောက်ပြီး အချောင်မလိုချင်သည့် စိတ်ဓာတ်ပါ။ မဟုတ်တာလုပ်ရမည်ကို ငြင်းဆိုရဲသည့် သတ္တိရှိသူပါ။ ဒုတိယအနေဖြင့် တိုင်းပြည်ဖရိုဖရဲဖြစ်နေသည်ကို သိမ်းသွင်းသည့်နောက်ဆုံးတိုက်ပွဲတွင် တစ်ဖက်ခေါင်းဆောင်က သူ့ဆင်ကို ချွန်းဖွင့်ပြီး အပြေးဝင်တိုက်လာသည့်အချိန်တွင် ဘုရင့်နောင်သည် ဆင်ပေါ်တွင်ရှိသည့် ခရားထဲကရေကို သွန်းလောင်းပြီး သစ္စာပြုသည်ကတော့ **"အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်မယ်ဆိုရင် သည်တိုက်ပွဲမှာ အောင်နိုင်ရပါလို၏"**တဲ့။ သူ့အသက်၊ ကိုယ့်အသက်လုနေရသည့်အချိန်မှာတောင် **"အများအကျိုး"** အတွက်ကို အလေးထားနိုင်သူမို့ "တန်ဖိုးမြင့် စိတ်ထားပိုင်ရှင်" ပါ။

မြန်မာတိုင်းရင်းသား လွတ်လပ်ရေးကြိုးပမ်းခဲ့သူများသည်လည်း "ဘုရင့်နောင်၏မျိုးဆက်ပီသစွာ ထိုစိတ်ဓာတ်ကို ပိုင်ဆိုင်ခဲ့သည့် တန်ဖိုးမြင့်လူသားများ" ပါ။ လွတ်လပ်ရေးရလျှင် ငါတို့တစ်တွေ ဘာရာထူးကြီးရမှာမို့ တိုက်ပွဲဝင်မည်၊ နိုင်ငံရေးလုပ်လိုက်ဦးမည်ဆိုသည့်လူတစ်ယောက်မျှ မပါခဲ့ပါ။ လွတ်လပ်ရေးရလျှင် စာလေးရေးပြီး အေးအေးဆေးဆေးနေမည်ဆိုသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းဆရာဘဝနှင့် စာလေးရေးနေတော့မည်ဆိုသည့်သခင်နုတို့လို လူမျိုးများချည်းပါပဲ။ ထိုစိတ်ထားကြောင့် သမိုင်းတွင် လွတ်လပ်ရေးခေါင်းဆောင်များအဖြစ် မော်ကွန်းတင်ခဲ့ကြခြင်းပါ။ သူတို့အသက်သည် မြန်မာ့သမိုင်း၏ခေတ်အဆက်ဆက်တွင် ဆက်လက်ရှင်သန်နေဦးမည့် "တန်ဖိုးမြင့်လူသား" များပါ။

**အောင်မြင်ချင်၊ ကြီးပွားချင်လျှင် "အောင်မြင်ရေးတက်ကျမ်း" များဖတ်ပြီး လိုက်နာဆောင်ရွက်မှ အောင်မြင်ကြီးပွားလိမ့်မည်ဟု မတွေးပါနှင့်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ဂဃဏန လေ့လာပြီး အောင်မြင်ရေးအမြင်ဖြင့် အနှစ်ထုတ်နိုင်**လျှင် သင် "အောင်မြင်သူဘဝ" ရောက်ချင်တာလား (သို့မဟုတ်) "အောင်မြင်သူတို့ရဲ့ထိပ်က တန်ဖိုးမြင့်လူသားဘဝ" တွင် ရပ်တည်မှာလားဆိုသည်ကို ကွဲပြားစွာ ဆုံးဖြတ်နိုင်လာပါလိမ့်မည်။ တက်ကျမ်းများက ပြထားသည့်အတိုင်း ကျွန်တော်တို့ လိုက်ပြီး ကျင့်ကြံလျှင် အောင်မြင်ပါလိမ့်မည်။ သို့သော် မြန်မာ့လူ့ဘောင်ကောင်းကျိုးအတွက် သင်မလွဲမသွေထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို များသောအားဖြင့် မပေးနိုင်ကြပါ။ သင်တို့၊ ကျွန်တော်တို့၏ ပုဂ္ဂလိကအကျိုးစီးပွားကိုသာ ဖော်ဆောင်ပေးသည့်အတွက် အောင်မြင်သူဘဝမှာသာ ရပ်သွားပါလိမ့်မည်။

ကျွန်တော်တို့ အောင်မြင်သူတို့၏ထိပ်က "တန်ဖိုးရှိတဲ့သူ" ဖြစ်ချင်မှဖြစ်လာပါမည်။ စိတ်ထားမြင့်မြတ်သူများ၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရေးထိုးထားသည့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက လူတစ်ဦးချင်း၏ အောင်မြင်မှုနှင့်အတူ ကျွန်တော်တို့ကို မိမိနိုင်ငံနှင့် လူမျိုးအတွက် "လုပ်ရမည့်တာဝန်" (Dos) နှင့် "မလုပ်အပ်သည့်အလုပ်" (Don'ts) ဟု ဆိုသည့် လူ့တန်ဖိုးများကိုပါ ညွှန်းဆိုပေလိမ့်မည်။

**ကျွန်တော်တို့သည် တန်ဖိုးရှိသည့် လူသားဖြစ်လိုလျှင် လွတ်လပ်ရေးခေါင်းဆောင်များ အသက်၊ သွေးနှင့်ရင်းခဲ့သည့် လွတ်လပ်ရေးကို ထိန်းသိမ်းရန်၊ ကာကွယ်ရန်၊ စောင့်ရှောက်ရန် တာဝန်ရှိသူဟု သင်တို့၊ ကျွန်တော်တို့တစ်ဦးချင်း၏ ဘဝအောင်မြင်ရေးကို ကြိုးပမ်းရင်း ခံယူလုပ်ဆောင်နေလျှင် ကျွန်တော်တို့ဆောင်ရွက်သည့်အဆင့်နှင့်ညီသည့် တန်ဖိုးရှိလူသားဖြစ်နေပါပြီ။ နယ်ပယ်တစ်ခုခုတွင် လူအများစုက အောင်မြင်ကျော်ကြားသူနိုင်ငံသားဟု သတ်မှတ်သော်လည်း လွတ်လပ်ရေးကို ထိပါးသူ၊ ဖျက်ဆီးသူ (သို့မဟုတ်) ထိန်းသိမ်းကာကွယ်ရန် ပျက်ကွက်နေသူဖြစ်နေလျှင် သမိုင်းကတော့ တာဝန်မဲ့သူဟုသာ မှတ်တမ်းတင်ပေလိမ့်မည်။**

အကယ်၍ မြန်မာ့လွတ်လပ်ရေးကို ထိပါးပြီးမှ လူတစ်ဦးချင်း၏အောင်မြင်မှုကို ရယူရမည်ဆိုလျှင် မလုပ်နိုင်ဟု သင်တို့၊ ကျွန်တော်တို့ခံယူပြီး ဘဝအောင်မြင်ရေးကို ကြိုးပမ်းခဲ့လျှင် ကျွန်တော်တို့သည် **"လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သည့်တန်ဖိုးရှိလူသား"** ဖြစ်သွားပါလိမ့်မည်။ သို့ပါ၍ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးများကဲ့သို့ **"တန်ဖိုးမြင့်စိတ်ထားပိုင်ရှင် မျိုးဆက်သစ်များ"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဆက်လက်ပေါ်ထွန်းလာစေရေးကို မျှော်ကိုးလျက် "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း" က ကျွန်တော်တို့ တိုင်းရင်းသားများအတွက် ညွှန်ပြခဲ့သည့် လူ့တန်ဖိုးနှင့် ဘဝအောင်မြင်ရေးသင်ခန်းစာများ လေ့လာမိသမျှကို ရေးသားဖော်ပြလိုက်ပါသည်။ ။

**ကျမ်းကိုး ။ ။** (၁) တက္ကသိုလ် စိန်တင် (၂၀၁၀) ရဲဘော်သုံးကျိပ်မော်ကွန်း (ပဥ္စမအကြိမ်)။

(၂) ရဲထွဋ်လှ (၁၉၈၈) နယ်ချဲ့တော်လှန်ဆရာစံ။

## E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်၍ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် http://esubmission.fda.gov.mm သို့ ဝင်ရောက်လျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန **COVID-19 ကာကွယ် ကုသရေး ဆေးဝါးနှင့်ဆေးပစ္စည်းများနှင့်ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖြေလျှော့ဆောင်ရွက်မှုများကို ဆေးဝါးအတွက်** အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက် နေ့တွင်လည်းကောင်း၊ (၂၇-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၃-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Molnupiravir Tablet ကို (၁၇-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း(၄)ကြိမ်၊ **ဆေးပစ္စည်းအတွက်** အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၇-၈ ၂၀၂၁)ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၂)ကြိမ်နှင့် **ကျန်းမာရေးအထောက်အကူပြုအစားအသောက်များ** ဆရာဝန်ညွှန်ကြားချက် မလိုသော ဆေးဝါးများနှင့်ပတ်သက်၍ အသိပေးကြေညာချက်များအား (၂၇-၇-၂၀၂၁) ရက်နေ့တွင် (၁)ကြိမ် အများပြည်သူ သိရှိနိုင်ရန်အတွက် FDA ၏ Website (www.fda. gov.mm) နှင့် Food and Drug Administration Myanmar Facebook Page တို့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ **E-Submission System** ဆောင်ရွက်မှု ကိစ္စနှင့်ပတ်သက်၍ **Food IR** ၏ Launch Date မှာ (၁-၂-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ **Medical Device** တွင် IR အတွက် Launch Date (၁-၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ One Time အတွက် Launch Date မှာ(၁-၅-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Product Registration အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ **Cosmetic** အတွက် IR ၏ Notification Launch Date မှာ (၁-၄-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Local(Notification) ၏ Launch Date မှာ (၁-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture ၏ Launch Date မှာ (၂၆-၁၁-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ **Drug system** (DIAC, OneTime) Launch Date မှာ (၈-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း Launching ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ E-Submission ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ Trade Facilitation ဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်ပါ၍ အဆိုပါ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ပါရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link ဖြစ်သော http://esubmission.fda.gov.mm သို့ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| | |
|---|---|
| ဆေးဝါးဌာနခွဲ | - ၀၆၇၄၀၃၀၇၃/ ၀၆၇၄၀၃၀၉၁ |
| ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ဌာနခွဲ | - ၀၆၇၄၀၃၄၈၉ |
| အစားအသောက်ဌာနခွဲ | - ၀၆၇၄၀၃၂၅၀ |

Fdanpt1@gmail.com

## ရေဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇန်နဝါရီ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ပြည်သူ့ဆေးရုံကြီး ကိုးထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန် လုပ်ငန်းပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး ဂရုပြုရန်မှာကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ကံကုန်း -မြင်းကဆိပ် -မြောင်းမြ လမ်းပေါ်ရှိ ပမ္မဝတီတံတား (မြင်းကဆိပ်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မရမ်းချောင်း - ရွာသစ်လမ်းပေါ်တွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသည့် ကျွန်းကုန်းတံတား တည်ဆောက်နေမှု၊ ဘိုကလေး -မော်လမြိုင်-ကျုံမငေး လမ်း မိုင်(၂၄ /၁ - ၂၅ / ၀) အတွင်း ၁၈ ပေအကျယ် ကတ္တရာ၊ ကွန်ကရစ်လမ်းခင်းကျင်းနေမှု၊ ကျွန်းပြသာဒ်တံတား၊ ကျွဲခြံရေကျော်တံတား၊ ဒေးဒရဲ တံတားတို့၏ တံတားကြံ့ခိုင်မှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကွမ်းခြံကုန်း မြို့ရှောင်လမ်း ဖောက်လုပ်နေမှုနှင့် မိုင် (၁/၃ - ၁/၅)ရှိ တော်ပုလဲတံတား တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်ဘောလုံး၊ ဝူရှူး၊ အခြေခံဘောလုံးကစားနည်းနှင့် အပြေးပြိုင်ပွဲများ စသည့် အားကစားပြိုင်ပွဲ ခြောက်မျိုး ကျင်းပကြကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် ပိုက်ကျော်ခြင်း ပြိုင်ပွဲ အသင်း ၂၀၊ ဘော်လီဘောပြိုင်ပွဲ ငါးသင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ ၁၆ သင်း၊ ဝူရှူးအားကစားပြိုင်ပွဲ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ရှစ်ဦး၊ အလွတ်တန်း အခြေခံဘောလုံးကစားနည်း ၃၇ ဦး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့်များအလိုက် (မီတာ၁၀၀၊ အာလူးကောက်၊ အိတ်စွပ်၊ စာအုပ်ရွက်၊ လွန်ဆွဲ)အပြေးပြိုင်ပွဲများ ပါဝင်ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီလ ၃ ရက်အထိ ယှဉ်ပြိုင်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများအလိုက် ဆုရရှိသူများကို ပခုက္ကူခရိုင်နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများစုပေါင်း၍ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်တွင် ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပထမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲ တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဥပဒေချုပ် ဦးဌေးအောင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျဉ်းမပင်မွေးမြူရေးခြံများနယ်မြေအတွင်း ပထမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြပွဲပြိုင်ပွဲကို တက်ရောက်အားပေးသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်၊ စီးပွားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းလည်း လုပ်ကိုင်ကြပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြပွဲ ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့် မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှု ကွန်ရက်ကျယ်ပြန့်လာကာ မွေးမြူရေးနည်းပညာများ ဖလှယ်နိုင်မည့်အပြင် ပြိုင်ပွဲဝင်တိရစ္ဆာန်များ၏ တန်ဖိုး၊ အမူအကျင့်များကို လေ့လာနိုင်မည်ဖြစ်ပါကြောင်းနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်ပြီး ထုတ်လုပ်မှုကောင်းမွန်သော ဒေသနွား၊ နို့စားနွားနှင့် သိုး/ဆိတ်မျိုးများကို မွေးမြူကြရန် ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် ရောဂါကင်းပြီး ထုတ်လုပ်မှုကောင်းအောင် ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သိပ္ပံနည်းကျအသား၊ နို့၊ နို့ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ဖြန့်ဖြူးမှုပြခန်း၊ ပြကွက်များနှင့် ပြိုင်ပွဲဝင် နွားသိုးအလှ၊ နို့စားနွား၊ အသားတိုးနွားနှင့် သိုး/ဆိတ်များ စစ်ဆေးအကဲဖြတ်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ တပ်မတော်ဆေးတက္ကသိုလ်နှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီးအကြား မင်္ဂလာကန် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး လုပ်ငန်းဆောင်ရွက်နေမှု၊ အင်းစိန်မြို့နယ် ပုလဲလမ်း တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး အတွက် အရှည်ပေ ၈၀၀၊ အကျယ် ၄ ပေ၊ အနက် ၅ ပေရှိ အုတ်ရေမြောင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချမည်

နေပြည်တော် ဇန်နဝါရီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထူးထုတ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးကို **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်(အင်္ဂါနေ့)၊ နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇန်နဝါရီ (၄)ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**










## လွတ်လပ်ရေးနှင့် တပ်မတော်

❖ တပ်မျိုးဆက်* ကွာ၊ မယှဉ်သာ၍
သုံးခါသုံးကြိမ်၊ စစ်ပြီးချိန်၌
ရေတိမ်မှာနစ်၊ သူ့ကျွန်ဖြစ်ရ
နှစ်ပေါင်းရာချီခဲ့တကား။


❖ တပ်မျိုးဆက်မီ၊ ယှဉ်နိုင်သည်နှင့်
ပြန်လည်တိုက်ထုတ်၊ နယ်ချဲ့ဆုတ်ခွာ
ဖိအုပ်ဂျပန်၊ ထပ်တော်လှန်၍
နိုင်ငံလွတ်ပန်း၊ ဦးထိပ်မြန်းရန်
လမ်းထွင်ပေးခဲ့သည်တကား။

❖ လွတ်လပ်ပြီးလည်း၊ ဆက်တည်မြဲဖို့
ဖြိုခွဲမည်ကြံ၊ တွင်းပြင်ရန်ကို
တွန်းလှန်ချေမှုန်း၊ ပြုတ်ပြုတ်ပြန်းမျှ
လက်ရုံးသုံးဖွဲ့ ညီတကား။

❖ အိုင်တီခေတ်တွင်၊ ခေတ်နှင့်ယှဉ်၍
တပ်လျှင်ခေတ်မီ၊ သွေးစည်းညီမှ
ခန့်ထည်လေးစား၊ ပြည်၏အားဖြစ်
ပိုင်ထားလွတ်လပ်၊ ပန်းမွန်မြတ်ကို
ယက္ခတ် ဂူမ္ဘာန်၊ စောင့်ကြပ်ရံသို့
ရန်မြူမကပ်၊ ခွန့်ရှည်လတ်အောင်
စောင့်ကြပ်ကာကွယ်နိုင်မည်တကား။ ။

(*Generation of war)

ကို(စစ်တက္ကသိုလ်)



### ကျိုင်းလပ်မြို့၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ကျိုင်းလပ် ဇန်နဝါရီ ၂

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် ဝမ်လုံကျေးရွာ၌ မဏ္ဍူသက လူမှုကူညီရေးအသင်းက ကြီးမှူး၍ ကျင်းပသည်။

ကျိုင်းလပ်မြို့ မဏ္ဍူသက လူမှုကူညီရေးအသင်းမှ ဥက္ကဋ္ဌ ဦးစိုးသိန်းက ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို စတင်ခဲ့ပြီး ယှဉ်ပြိုင်ကစားမည့် အသင်း ၁၈ သင်းအနက် ဆုရရှိသည့်အသင်းများအား ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

## ကနီမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများ ကျင်းပ

ကနီ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပလျက်ရှိရာ မြို့နယ်အားကစားကွင်း၌ ကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၂ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသော ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေကနီအသင်း၊ ဒုတိယဆုရရှိသော မီးသတ်-ခ အသင်း၊ တတိယဆုရရှိသော ဘာလာလာအသင်းနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အားကစားကွင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အခွံသင်တတ်မှ မျှတ လှပမည်

**ခွန်ဝင်းခီ**

ကျွန်တော်သည် ပင်စင်စားတစ်ယောက်သာဖြစ်ပါသည်။ ပင်စင်စားမို့ ကျွန်တော့်တွင် အလွန်ကြီးလေးသော တာဝန်မရှိပါ။ မိသားစုအတွက် ထမင်းတစ်အိုးငှဲ့ချက်သည့်တာဝန်နှင့် ကြက်သွန်အဖြူ၊ ကြက်သွန်အနီ "အခွံသင်"သည့် တာဝန်ထမ်းဆောင်ခြင်းသည်သာ ကျွန်တော့်အတွက် မဟာဝန်ဆောင်မှုဖြစ်သည်။

ယနေ့နံနက်စောစောမှာ ကြက်သွန်ဖြူ/နီ "အခွံ"သင်ရင်း ဘယ်ကဘယ်လို စိတ်တွေလွင့်ပျံ့သွားသည်မသိ။ "အခွန်" (tax) နဲ့ပတ်သက်လို့ ဟိုဟိုသည်သည် အတွေးပျံ့လွင့်သည်။

"အခွံ"သင်တာကအကြောင်း၊ "အခွန်" ကိစ္စစဉ်းစားမိတာက အကျိုးဖြစ်သည်။ ကြောင်းကျိုးဆက်နွှယ်မှုရှိသည်။




ဝန်ထမ်းဘဝ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ ဂျပန်၊ ဥရောပနှင့် အမေရိကနိုင်ငံများဘက်သို့ ရောက်သည်။

သည်နိုင်ငံတွေမှာ ဘယ်သွားသွား၊ ဘာလုပ်လုပ်၊ "အခွန်"သည် အနည်းနှင့်အများ ပေးဆောင်ရပါသည်။ လစာခွန်၊ စားသုံးခွန်၊ ရောင်းခွန်၊ ဝယ်ခွန်၊ အခွန်မျိုးစုံ ပေးဆောင်ရပါသည်။ စားသုံးသူက "အခွန်အခ"ပေးဆောင်ရသည်။

သည်နေရာမှာ "အခွန်"နှင့် "အခ" ပေါင်းစပ်၍ ရလောက်ပြီထင်သည်။ "အခွန်အခ" မျိုးစုံကို ပေးဆောင်ရသည်။ တာဝန်တစ်ရပ်၊ မဖြစ်မနေ ပေးဆောင်ရသောတာဝန်၊ ကျေပွန်ရသည့် တာဝန်တစ်ရပ်ဖြစ်သည်။ "အခွန်အခ"ကို အင်္ဂလိပ်စကားလုံးဖြင့် မည်သို့ခေါ်သည်ကို ကျွန်တော် မသိရိုးအမှန်ဖြစ်သည်။ "အခွန်" ကို Tax ဟု ခေါ်မှန်းတော့သိသည်။

"အခ" ကို Service Charges ဟုဆိုလျှင် အလွန်အမင်း မလွဲမှားလောက်ဟု ထင်သည်။ တရားဝင် သတ်မှတ်ထားသော အသုံးအနှုန်းများနှင့် ကိုက်ညီမှု ရှိချင်မှရှိမည်။

သို့သော် ကျွန်တော်မှတ်ယူထားသည်က "အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် မိမိမှ ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ဥပဒေနှင့်အညီ သတ်မှတ်ထားသောပမာဏရှိသည့် "အခွန်"၊ တစ်ဖက်မှပေးသော ဝန်ဆောင်မှုအတွက် စားသုံးသူ မိမိကပေးချေရသော လိုအပ်သော ပမာဏသည် "အခ"၊ ထိုစကားလုံးနှစ်လုံး အပေါင်းသည် "အခွန်အခ" ဖြစ်သည်။ သိပြီးဖြစ်မည်ဟု ယူဆသော်လည်း နီးစပ်သောဥပမာများကို ထပ်မံ မီးမောင်းထိုးပြလိုပါသည်။ ယခုခေတ်တွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသို့ အိမ်ဦးနှင့်ကြမ်းပြင် ရောက်ဖူးသူများမည်ထင်သည်။ ဆေးသွားကုသည်။ ပညာသင်သည်။ စီးပွားရှာသည်။ အပျော်ခရီးသွားသည်။ တတ်နိုင်သူများအဖို့ ဈေးဝယ်ထွက်ခြင်း(shopping) သည်ပင် နိုင်ငံခြားသို့သွားနေကြပြီ။

သွားတိုင်း မျက်မြင်တွေ့ရ၊ မြင်ရသော ပြည်ပသွားလာ၊ နိုင်ငံတကာလေဆိပ်များသည် လှပခံ့ညားလွန်းသည်။ (ကျွန်တော်တို့ မင်္ဂလာဒုံ နိုင်ငံတကာလေဆိပ်သည်လည်း သူ့အထွာနဲ့သူ အတိုင်းအတာတစ်ရပ်အထိ ခေတ်မီလှပခံ့ညားပါသည်။ ဤကား စကားချပ်။)

ယင်းလေဆိပ်များတွင် ခရီးသွားများအတွက် သက်သောင့်သက်သာဖြစ်အောင်၊ စိတ်လက်ကြည်သာအောင် ဖြည်းဆည်းပေးထားသည်က များသည်။ လျှောက်လမ်းများ အတွင်းအပြင်အဆင်များ သန့်ရှင်း၊ သပ်ရပ်၊ လှပ၊ ခေတ်မီသည်။ အဆာပြေစားသောက်ရန်ဆိုင်များ များပြားသည်။ စားစရာစုံသည်၊ အရသာစုံသည်၊ ဝယ်စရာစုံသည်။ ဆွဲဆောင်နိုင်စွမ်းနှင့် ဝန်ဆောင်မှုများ ကောင်းလွန်းသည်။ အထာကျသည်။ သို့အတွက် စားသမျှ၊ ဝယ်သမျှ၊ ပေးချေရငွေတွင် "အခွန်အခ" ပါသည်။ သို့သော် ပေးရတာတန်အောင် ဆောင်ကြဉ်းပေးထားသဖြင့် ပေးရသူက ကျေနပ်ပါသည်။ ပေးရကျိုးနပ်သည်။

> "အခွန်အခ" ကို နည်းလမ်းမျိုးစုံဖြင့် စနစ်တကျကောက်ခံတတ်သည်။ ရှောင်၍မရအောင် ကြပ်မတ်ထားသည်။ မရှောင်ရဲအောင် ဥပဒေဖြင့် ထိန်းကျောင်းပေးသည်။ ရရှိသောအခွန်အခများကို စနစ်တကျအသုံးချကာ "အခွန်အခ"ထမ်းပေးခဲ့သော၊ အခွန်ထမ်းသူများ ကျေနပ်အောင် အခွန်ထမ်းပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသော၊ အများပြည်သူအကျိုးပြု ဝန်ဆောင်မှုများကို လက်တွေ့အကောင်အထည်ဖော်ပေးသည်။
> အတုယူစရာ၊ အားကျစရာဖြစ်သည်။ "ညီညာ" ၍ "ပြည်သာ" ပါသည်။ "မျှတ" ၍"လှပ"ပါသည်

ရယ်ရယ်မောမော၊ ပေါ့ပေါ့ပါးပါးဖြစ်သည်။ Tax Free (အခွန်အခလွတ်သည်) ဆိုသောဆိုင်များမှ အပ ဘာဝယ်ဝယ် "အခွန်"ပါသည်။

မြို့တွင်းလမ်းများ သန့်ရှင်းသည်။ အဖုအထစ်၊ ချိုင့်ခွက် မရှိသလောက်ရှားသည်။ ပလက်ဖောင်းများ စနစ်ကျသည်။ လမ်းဘေး အချို့နေရာများတွင် ပန်းအလှပင်များ ၊ ပန်းခြံငယ်လေးများဖြင့်သာယာလှပသည်။ မြို့တွင်းသွားဘူတာရုံများ သပ်ရပ်လှပ၊ သွားရလာရ အဆင်ပြေလှသည်။ ကောက်ခံရရှိသော "အခွန်အခ" များကို အကျိုးရှိစွာ၊ အချိုးချကာ၊ မျှတသုံးစွဲခြင်းဖြင့် မီးမပြတ်၊ ရေမပြတ်အောင်၊ လမ်းတွေ၊ ရေပေးသည့်စနစ်တွေ၊ မိလ္လာစနစ်တွေ၊ ရေဆိုးထုတ်သည့်စနစ်တွေ ကောင်းအောင် ဆောင်ရွက်ပေးထားသည့်အပြင် ကျန်းမာရေးနှင့် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည် စသည်ဖြင့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုများကို အခွန်ထမ်းများပေးရကျိုးနပ်သည်ဟု ခံစားမိအောင်၊ စိတ်ကျေနပ်အောင်၊ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။

သူတို့တွေသည် "အခွန်အခ"ကို ရအောင်ရှာကြံတတ်၊ ကြပ်မတ်တတ်၊ ကောက်ခံတတ်၊ ဖြည့်ဆည်းပေးတတ်ကြပါပေသည်။ အခွန်ထမ်းပြည်သူများကလည်း "အခွန်အခ" ကို မညည်းမညူ၊ ကြည်ဖြူကျေနပ်စွာ အကျေအလည် ပေးဆောင်ကြပါပေသည်။ အချို့ကတော့ အခွန်ရှောင်သည်များရှိသည်ကို သိပါသည်။

အခွန်ရှောင်သည့်အမှုအတွက် ကြီးလေးသောပြစ်ဒဏ်ကျခံနေစေရသည်ကိုလည်း ကြားသိဖတ်ရှုရပါသည်။ သို့သော် နည်းပါးပါသည်။ "အခွန်ရှောင်သူ"သည် ကျင့်ဝတ်ချိုးဖောက်ခြင်း ဖြစ်သဖြင့် သူတို့ရှက်တတ်ကြပါသည်။ သက်ဆိုင်ရာနိုင်ငံတွင် ခရီးသွားရင်း၊ နေထိုင်ရင်း"အခွန်အခ"ကို ပေးဆောင်သွားကြရသော နိုင်ငံခြားသားများအတွက် ဝယ်လိုစိတ်များတိုးပွားအောင်၊ သူတို့ အခွန်အခကောက်ခံသည့် စနစ်အပေါ် ယုံကြည်လေးစားအထင်ကြီးအောင်၊ ဆောင်ကြဉ်းပေးသော အတုယူဖွယ်လုပ်ရပ်တစ်ခုရှိပါသည်။ ဝယ်သမျှပစ္စည်းများအပေါ် ပေးချေထားသော Goods and Services tax ကို သတ်မှတ်ထားသောကာလအတွင်း သတ်မှတ်ထားသောနေရာများတွင် refund ပြန်လည်ထုတ်ပေးခြင်းဖြစ်သည်။

"အခွန်အခ" ကို နည်းလမ်းမျိုးစုံဖြင့် စနစ်တကျ ကောက်ခံတတ်သည်။ ရှောင်၍မရအောင် ကြပ်မတ်ထားသည်။ မရှောင်ရဲအောင် ဥပဒေဖြင့် ထိန်းကျောင်းပေးသည်။ ရရှိသောအခွန်အခများကို စနစ်တကျအသုံးချကာ "အခွန်အခ"ထမ်းပေးခဲ့သော၊ အခွန်ထမ်းသူများ ကျေနပ်အောင်၊ အခွန်ထမ်းပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသော အများပြည်သူအကျိုးပြု ဝန်ဆောင်မှုများကို လက်တွေ့အကောင်အထည်ဖော်ပေးသည်။

အတုယူစရာ၊ အားကျစရာဖြစ်သည်။ "ညီညာ" ၍ "ပြည်သာ"ပါသည်။ "မျှတ" ၍"လှပ"ပါသည်။

ကျွန်တော်တို့နိုင်ငံတွင်လည်း သည်သို့သာဖြစ်စေချင်သည်။ "အခွန်အခ"ကို ပြေအောင်၊ ကျေအောင် ထမ်းနေသောပြည်သူများ ၊ ပြေအောင်၊ ကျေအောင် ထမ်းဆောင်ချင်သူ အများအပြားရှိသည်ကို ကောင်းစွာသိရှိပါသည်။ ကျန်ရှိသော အခွန်ထမ်းပြည်သူများကလည်း ပေးဆောင်ရမည့် "အခွန်အခ" များကို အကျေအလည် ပေးဆောင်သင့်ပါကြောင်း အကျိုးမျှော်ကာ နှိုးဆော်တင်ပြလိုပါသည်။

"အခွန်အခ" ကောက်ခံသည့် အစိုးရယန္တရားအစိတ်အပိုင်းများကလည်း "အခွန်အခ"ကို ရအောင် ကောက်ခံရရှိနိုင်ဖို့၊ မရှောင်အောင် ကြပ်မတ်ထိန်းကျောင်းနိုင်ဖို့၊ ရရှိသည့် အခွန်အခများကို မည်ရွေ့မည်မျှ၊ ထိုအထဲမှ အစုအဖို့ မည်မျှကို မည်သည့်ကဏ္ဍသို့ မျှဝေသုံးစွဲသည်ကို ပြည်သူများသိအောင် လုပ်ပေးဖို့၊ ပြည်သူများ မြင်မြင်ထင်ထင်ဖြစ်လာအောင် လက်တွေ့အကောင်အထည်ဖော်ပြနိုင်အောင်စွမ်းဆောင်ပေးဖို့လိုသည်ဟု အကြံပြုတင်ပြလိုပါသည်။

မြင်မှယုံသည်မှာ လူ့ဓမ္မတာဖြစ်သည်။ ယခုခေတ်တွင် ရှင်သန်နေထိုင်သူများကို ရေပေါ်အရုပ်ရေးပြ၊ လေပေါ်အရုပ်ရေးပြ၍မရတော့။ ကိုယ်ထိလက်ရောက်မှ ကြိုက်ကြသည်။ အရာထင်မည်။ လက်ရှိကာလတွင် "အခွန်အခ" ကို ပေးဆောင်လိုသူများ အများအပြားရှိပါသည်။ ပေးလိုသူများအတွက်၊ အဆင်ပြေအောင် ပေးချေနိုင်ဖို့သာ၊ နည်းလမ်းများ ရှာဖွေဖော်ထုတ်၊ အဆင်ပြေအောင် လုပ်ပေးထားတတ်ဖို့၊ ဖုထစ်နေမှုများရှိက ရွှေပေါ်တိုက်ပေးတတ်ဖို့တော့ လိုသည်ထင်သည်။

ကောက်ခံသည့်စနစ် အချိတ်အဆက်မမိ၊ အားနည်းလိုအပ်ချက်များရှိနေ၊ လုပ်ငန်းယန္တရားကို ချောမွေ့စွာ လည်ပတ်နိုင်အောင် စီမံရန်လိုအပ်ချက်များ အထိုက်အလျောက် ရှိသေးသဖြင့် "အခွန်အခ" ဟူသော"ဝန်"ကို ထမ်းလိုသူများ အားမလို အားမရ ပြောဆိုသံများ ကြားနေရဆဲဖြစ်သည်။ ဝမ်းနည်းဖွယ်ဖြစ်သည်။ "အခွန်အခ"များ ကောက်ခံရရှိမှုနည်းပါးသွားစေရသည့် အခြေခံအချက်များကို စနစ်တကျ စောကြောစိစစ်၊ ဖြေရှင်းပေးရန် အလွန်အရေးကြီးသောကာလဖြစ်သည်။

"ဝ"ရှိမှ "ဝိ" လုပ်ပြနိုင်မည်ဖြစ်သည်ကို သတိချပ်ရမည်။

"ညီညာစွာဖြင့် ပြည်သာစေချင်သည်။"

ထို့ပြင်တဝ "မျှတစွာဖြင့် လှပစေချင်သည်"မှာလည်း အမှန်ဖြစ်သည်။

ကျွန်တော် ကြက်သွန် "အခွံ" သင်ခြင်းအမှုပြီးသွားပြီဖြစ်သည်။ "အခွံ" "ကင်း" သဖြင့် စားသုံးရန်အသင့်ဖြစ်နေပြီဖြစ်သော ကြက်သွန်ဖြူ/နီများကား "အမြင်တင့်တယ်" လှပနေသည်။

"အခွန်အခ" "ရှင်း"လင်းပြီး ဖြစ်သဖြင့် ပြည်သူရော အစိုးရယန္တရားများပါ "အစဉ်ဝင့်ထည်" နေစေ့ချင်စမ်းလှပါသည်။ ။

# ယူအေအီးက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းမထိုးနှံရသေးသည့် နိုင်ငံသားများအား ပြည်ပနိုင်ငံများသို့ ခရီးသွားလာမှု ပိတ်ပင်တားမြစ်မည်




**ဒူဘိုင်း ဇန်နဝါရီ ၂**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယ အကြိမ် အပိုဆောင်း မထိုးနှံရသေးသည့် နိုင်ငံသားများအား ပြည်ပနိုင်ငံများသို့ ခရီးသွားလာမှု ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ကြေညာခဲ့သည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းမထိုးနှံရသေးသည့် နိုင်ငံသားများအား ပြည်ပသို့ ထွက်ခွာခွင့် တားမြစ်မှုသည် ဇန်နဝါရီ ၁၀ ရက်တွင် အသက်ဝင်မည်ဖြစ်ကြောင်းနှင့် အပိုဆောင်းမထိုးနှံရသေးသော်လည်း ကျန်းမာရေးဆိုင်ရာ ကင်းလွတ်ခွင့်ရရှိပြီးသည့် နိုင်ငံသားများနှင့် သက်ဆိုင်မည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်နေသည့် နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းသစ်များထုတ်ပြန်သည့် နောက်ဆုံးနိုင်ငံလည်းဖြစ်သည်။ နိုင်ငံအများအပြားသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများအား အဆိုပါရောဂါဆိုင်ရာ စည်းမျဉ်းသစ်များ အသီးသီး ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၌ ဒီဇင်ဘာ ၂၄ ရက်အထိ နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၃၄ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**



# ဂျာမနီနိုင်ငံရှိ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံအား ပိတ်သိမ်း

**ဘာလင် ဇန်နဝါရီ ၂**

ဂျာမနီနိုင်ငံရှိ နျူကလီးယား လျှပ်စစ်ဓာတ်အားပေး စက်ရုံ သုံးရုံကို ပိတ်သိမ်းခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အဆိုပါ ပိတ်သိမ်းခဲ့သည့် နျူကလီးယား ဓာတ်အားပေး စက်ရုံ သုံးရုံမှာ ဘရစ်ခ်ဒေါ့ဖ်၊ ဂရွန်ဒီနှင့် ဂန်းဒရီမီဂန်တို့ဖြစ်ကြောင်း သိရသည်။ မိမိတို့သည် ဂျာမနီနိုင်ငံအတွင်း ရာသီဥတုနှင့် ကိုက်ညီကာ လုံခြုံစိတ်ချရပြီး အားကိုးအားထားပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအား ဂျာမနီနိုင်ငံ၌ ဆယ်စုနှစ်များစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါနျူကလီးယား ဓာတ်အားပေး စက်ရုံများအား စတင်လည်ပတ်ခဲ့သည့် Preussen Elektra ကုမ္ပဏီမှ တာဝန်ရှိသူ ဂူဒိုနော့စ်က ပြောကြားသည်။

နိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲရေး ဦးတည်ဆောင်ရွက်လာသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ ၂၀၁၁ ခုနှစ်အတွင်း ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေး စက်ရုံ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ဂျာမနီအစိုးရသည် နိုင်ငံအတွင်း နျူကလီးယားဓာတ်အားပေးလုပ်ငန်းများအား လုပ်ငန်းလည်ပတ်မှုလျှော့ချရန် ဆောင်ရွက်လာခဲ့သည်။ ဂျာမနီနိုင်ငံရှိ ကျန်ရှိနေသေးသည့် အိုင်ဆာ-၂၊ အန်းလန်းနှင့် နက်ကာဝစ်သီ-၂ စသော နျူကလီးယားဓာတ်အားပေးစက်ရုံများအား ၂၀၂၂ ခုနှစ်အကုန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်းမှ ရပ်နားမည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ အရင်းအမြစ်များဖြစ်သော လေစွမ်းအင်နှင့် ဆိုလာစနစ်များဖြင့် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးကဏ္ဍ၌ ၈၀ ရာခိုင်နှုန်း သုံးစွဲသွားရန် ဂျာမနီနိုင်ငံက ရည်မှန်းထားသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**

# ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ရှိခဲ့သည်မှာ လေးရက်ဆက်တိုက် ရှိသွားပြီဖြစ်

**ပါရီ ဇန်နဝါရီ ၂**

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ရှိခဲ့ခြင်းကြောင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ရှိခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် ကူးစက်ခံရသူစုစုပေါင်း ၁၀ သန်းကျော်ရှိလာကြောင်း ပြင်သစ်နိုင်ငံအစိုးရနှင့် ပြည်သူ့ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၉၁၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၁၉၁၉၂၆ ဦးရှိလာကြောင်း သိရသည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၈၈၁၁ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ၃၅၆၀ သည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီ ၁ ရက်အထိကာလအတွင်း ပြည်သူ ၅၃ သန်းနီးပါးသည်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထို့ပြင် ပြင်သစ်နိုင်ငံ၌ လူဦးရေ ၂၅ သန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ၅ ဒသမ ၅ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ၂၂ ဦးဒဏ်ရာရရှိ

**ကူမင်း ဇန်နဝါရီ ၂**

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်နင်လန်းဒေသ၌ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၃ နာရီ ၂ မိနစ်တွင် မြေငလျင် လှုပ်ခတ်မှုကြောင့် ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းသို့ မြေငလျင်လှုပ်ခတ်မှုကြောင့် ယူနန်ပြည်နယ်လျှင်ဇုန်ရုံက အဆင့် (၃) အရေးပေါ်တုံ့ပြန်ရေးကြေညာချက် ထုတ်ပြန်ခဲ့ပြီး မြေငလျင်လှုပ်ခတ်ရာဒေသသို့ အဖွဲ့ဝင် ၂၃ ဦးပါ လုပ်ငန်းအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမြေငလျင်သည် ယူနက်စကို ကမ္ဘာ့အမွေအနှစ်နယ်မြေ လီကျန်းရှေးဟောင်းမြို့နှင့် ကီလိုမီတာ ၁၁၀ အကွာတွင် လှုပ်ခတ်ခဲ့ကြောင်းနှင့် အနက် ၁၀ ကီလိုမီတာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မြေငလျင်ကွန်ရက်စင်တာ(စီအီးအင်န်စီ)၏ ပြောကြားချက်အရ သိရသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ညနေ ၅ နာရီ မိနစ် ၄၀ အထိ လူသေဆုံးမှုနှင့် အဆောက်အအုံပြိုကျပျက်စီးမှု မရှိသေးကြောင်းနှင့် လက်ရှိတွင် ကယ်ဆယ်ရေးလုပ်သားများသည် မြေငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်ပေါ်နိုင်သည့် လူအသေအပျောက်နှင့် ပျက်စီးမှုများကို စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံက ဘော့ဆွာနာနိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း လှူဒါန်းမည်

**ပေကျင်း ဇန်နဝါရီ ၂**

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဘော့ဆွာနာနိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ နှစ်သန်း လှူဒါန်းမည်ဖြစ်ကြောင်း ဘော့ဆွာနာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဇူဖန်က ဇန်နဝါရီ ၁ ရက်တွင် ကြေညာခဲ့သည်။

ယင်းလှူဒါန်းမှုသည် ဘော့ဆွာနာနိုင်ငံသို့ ပထမဆုံးအကြိမ်လှူဒါန်းမှုဖြစ်လာမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှု အပါအဝင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် ဘော့ဆွာနာနိုင်ငံအား ထပ်မံ အကူအညီပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဝမ်ဇူဖန်က ဘော့ဆွာနာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

**တစ်စိတ်တစ်ပိုင်းဖြစ်**

တရုတ်နိုင်ငံက ဘော့ဆွာနာနိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သန်း လှူဒါန်းမည့် ဆောင်ရွက်ချက်သည် အာဖရိကတိုက်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံ ထပ်မံအထောက်အပံ့ပေးမည့် တရုတ်နိုင်ငံ၏ ကတိကဝတ် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘော့ဆွာနာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၉၅၀၉ ဦး၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၄၄ ဦးရှိကြောင်း သိရသည်။ ဘော့ဆွာနာနိုင်ငံ၌ ၁၁၆၇၁၀၅ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၁၀၃၂၅၈၄ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။


**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့်ရန် နာဆာ စီစဉ်လျက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)သည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)၏ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ကတိကဝတ်ဆိုင်ရာ ထုတ်ပြန်ကြေညာချက် တစ်ရပ်ကိုလည်း အမေရိကန်နိုင်ငံအစိုးရ၏ လွတ်လပ်သော အေဂျင်စီတစ်ခုဖြစ်သည့် အမေရိကန် အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)က ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။



နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများသည် ၂၀၁၁ ခုနှစ်တွင် ပြီးဆုံးခဲ့ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး ၂၀၂၄ ခုနှစ်အထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့မှ အာကာသ အေဂျင်စီများ ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းက နိုင်ငံတကာ အာကာသ စခန်း၏ လုပ်ငန်းလည်ပတ်မှုများအတွက် အထောက်အပံ့ပေးလျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)သည် နိုင်ငံတကာ အာကာသစခန်းမှ စီးပွားဖြစ်အာကာသစခန်း အဖြစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည့် ရန်ပုံငွေကို အမေရိကန် ကွန်ဂရက်က အတည်ပြုပေးရန် လိုအပ်လျက်ရှိသည့်အပြင် အခြားသောနိုင်ငံများကလည်း နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်ရေးရန်ပုံငွေအတွက် အတည်ပြုပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉ ဒသမ ၅ သန်းကျော် ရှိလာ

**အန်ကာရာ ဇန်နဝါရီ ၂**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၇၃၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၅၁၉၂၈၁ ဦး ရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၅ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၂၅၀၆ ဦး ရှိလာကြောင်းနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၂၅ ဦး ရှိကြောင်း သိရသည်။



**ကာကွယ်ဆေးထိုးနှံမှု စတင်**

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၆ ဒသမ ၉၂ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၁ ဒသမ ၆၂ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၃၁ ဒသမ ၉၃ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# လက်ဘနွန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၅၈ ဦး ထပ်မံတွေ့ရှိ

**ဘေရွတ် ဇန်နဝါရီ ၂**

လက်ဘနွန်နိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၁၂၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၁၃၆ ဦး ရှိလာကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာသည်ကို တွေ့ရှိနေရပြီး ယင်းကဲ့သို့ရောဂါကူးစက်မှုများပြားလာရခြင်းမှာ နိုင်ငံအတွင်း ပွဲတော်များနှင့် လူမှုရေးဆိုင်ရာအခမ်းအနားများ ကျင်းပမှု များပြားလာခြင်းကြောင့်ဖြစ်ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီး ဖီရပ်စ် အာဘက်က ပြောကြားသည်။

နိုင်ငံအတွင်းလူဦးရေ၏ ထက်ဝက်ခန့်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရပြီး အများစုမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများ ဖြစ်သောကြောင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံကြရန် ၎င်းက တိုက်တွန်းခဲ့သည်။



**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၉၄၈ ဦး ထပ်မံတွေ့ရှိ

**ဟန်နွိုင်း ဇန်နဝါရီ ၂**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၄၈ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၆၉၁၄ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၃၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကူးစက်ခံရ**

ဗီယက်နမ်နိုင်ငံ၌ ယနေ့ထပ်မံကူးစက်ခံရသူများအနက် မြို့တော်ဟန်နွိုင်း၌ ၂၀၄၅ ဦး၊ ဟိုင်ဖွန်းစီးတီး၌ ၁၈၀၄ ဦးနှင့် ဗင်လောင်းပြည်နယ်၌ ၁၂၈၀ ကူးစက်ခံရကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၆၃၀၄၀ ရှိကြောင်းနှင့် ရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၈၃၁ ဦးရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၄၄၂၀ ရှိခြင်းကြောင့် အဆိုပါ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၇၂၆၉၆ ဦးရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၅၂ ဒသမ ၈ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၆၉ ဒသမ ၁ သန်းအား ဒုတိယအကြိမ်ထိုးနှံရာတွင် လည်းကောင်း၊ ခြောက်သန်းအား တတိယအကြိမ်အပိုဆောင်းထိုးနှံရာတွင်လည်းကောင်း အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းခြောက်သောင်းကျော်ရှိ

**လန်ဒန် ဇန်နဝါရီ ၂**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းခြောက်သောင်းကျော် ရှိခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက်ပိုင်း နေ့စဉ် ကူးစက်မှု စံချိန်တင်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ယင်းသို့ ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၂၅၇၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃၁၀၀၄၅၈ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါ ရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၈၇၇၈ ဦးရှိလာကြောင်းနှင့် ဆေးရုံများ၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၉၁၈ ဦးရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၈၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၅၉ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၃၃ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇန်နဝါရီ ၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၃၇၉၆၆ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၁၁ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၁၀၅၁၈ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၆၉၇၆ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၅၂၄၀၃၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၀၃၅၀၄၀ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၇၈ ဒသမ ၆ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၄ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■



# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၂၀ ထပ်မံတွေ့ရှိ

**ဗျူနိုအေးရိစ် ဇန်နဝါရီ ၂**

အာဂျင်တီးနားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၂၀ နှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၂ ဦး ထပ်မံတွေ့ရှိရကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၇၄၄၂၈ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၁၇၁၈၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသည့် အသက် ၁၃ နှစ်အထက်ရှိသူများအား ကျန်းမာရေးဆိုင်ရာ ခွင့်ပြုချက်လက်မှတ် ထုတ်ပေးလျက်ရှိပြီး ၎င်းလက်မှတ်လက်ဝယ်ရှိသူများသည် လူအများအပြားတက်ရောက်သော အခမ်းအနားများကို တက်ရောက်နိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက နိုင်ငံအတွင်း ဒယ်လ်တာနှင့် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ခွင့်ပြုချက်လက်မှတ်ထုတ်ပေးရခြင်းဖြစ်သည်။ နိုင်ငံအတွင်း ဒီဇင်ဘာ ၃၀ ရက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၀၀၀ ကျော်ရှိခဲ့ပြီး ရောဂါကူးစက်မှုစံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အထူးကြပ်မတ်ကုသဆောင်များ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသူ ၁၀၁၂ ဦးရှိသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၃၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဇန်နဝါရီ ၂**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၃၃ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၉၀၈၃ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့်ရက်များအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၁၅ ဦးရှိခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို တင်းကျပ်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယခု ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ဆိုးလ်ဒေသခံ ၁၁၂၇ ဦး၊ ဂျောင်ဂီပြည်နယ်၌ ၁၂၄၄ ဦးနှင့် အင်ချွန်းဆိပ်ကမ်းမြို့၌ ၂၃၁ ဦးတို့အား အသီးသီးတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၁၀၈၁ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၂၀၇ ဦး ရှိကြောင်း သိရသည်။




အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၆၀၂ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၆၀၅ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၆၉ ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၅၆၉၄ ဦးရှိသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၄၂၆၀၁၆၂၅ ဦး(လူဦးရေ၏ ၈၃ ရာခိုင်နှုန်း)ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးစီးသူ ၁၈၄၇၆၇၄၈ ဦး (လူဦးရေ၏ ၃၆ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၈၉၇၈၇၀၁၈ | ဦး |
| သေဆုံးသူ | ၅၄၅၈၇၀၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၄၂၇၃၆၄၉ | ဦး |

# ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် တစ်လုံးတို့ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**မီးရှို့ဖျက်ဆီး**

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ လူနေအိမ်များကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၀ လုံးနှင့် ဆေးရုံရှိ နားနေဆောင် တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅ သိန်းခန့်)ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ အကြမ်းဖက်သမားများအနေဖြင့် ဒီဇင်ဘာ ၈ ရက်နှင့် နိုဝင်ဘာ ၂၄ ရက်တို့တွင် အမှတ်(၂)ရပ်ကွက်ရှိ လူနေအိမ်အချို့ကိုလည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် အမှတ်(၁)ရပ်ကွက်၊ ဘောလုံးကွင်းအနီးရှိ နေအိမ်များနှင့် အချို့မီးလောင်လွယ်သည့် ပစ္စည်းများကိုလည်းကောင်း မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သဖြင့် အဆိုပါရပ်ကွက်များအတွင်းရှိ လူနေအိမ် ၁၁၃ လုံး၊ ဘုရားရှိခိုးကျောင်း သုံးကျောင်းနှင့် ဆေးဆိုင်ခန်း တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

**မကြာခဏလုပ်ဆောင်**

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG၊ CRPH၊ PDF စသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို မကြာခဏလုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ည ၉ နာရီခွဲတွင်သတင်းအရကျောက်ဆည်မြို့နယ် ရဲရွာအနီး ကားလမ်းဘေးတွင် AD Van မော်တော်ယာဉ်မောင်းနှင်သူ ကျော်ဇင်လင်းကို ၎င်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလိုနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ဘိန်းဖြူများကို ပြင်ဦးလွင်မြို့နယ်မှ ပြည်ကြီးတံခွန်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း။

**စစ်ဆေးဖော်ထုတ်**

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၁ လမ်း၊ ၈၆ x ၈၇ လမ်းကြားတွင် နေမျိုးအောင် ကို Foton ခြောက်ဘီး ယာဉ်တစ်စီးနှင့် လည်းကောင်း၊ မင်းမင်းဦးကို ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း တွေ့ရှိသဖြင့် ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၆၉ ကီလို၊ ဘိန်း ၈ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျော်ဇင်လင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။





နေမျိုးအောင်နှင့် မင်းမင်းဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# သာကေတမြို့နယ် ၇/အရှေ့ ရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲ

နေပြည်တော် ဇန်နဝါရီ ၂

PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ် လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းအနီး၌ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သည်။ ထိုသို့ ဖောက်ခွဲမှုကြောင့် ခြံစည်းရိုးအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်မိုင်း ပေါက်ကွဲထားသည့် PVC ပိုက် အပိုင်းအစများတွေ့ရှိရပြီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာနှင့် ပေ ၂၀ ခန့်အကွာတွင် PVC ပိုက် တစ်ခုနှင့် ကီးပက်ဖုန်း တစ်လုံးတို့ကို ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲပြီး တစ်လုံး တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၆:၁၅ | နှစ်သစ်ကူးတရားအလှူတော်မင်္ဂလာပွဲသဘင် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ |
| ၀၉:၄၀ | မွေးမြူရေးရာအပြာပြာ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၅၀) |
| ၁၃:၁၀ | (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၃:၃၀ | MRTV National News |
| ၁၅:၃၀ | (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၃၅ | This Week's Special Interest |
| ၁၇:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၂၁:၃၅ | (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၃) |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

| | |
|---|---|
| 07:01 | News |
| 07:08 | Ecotourism: Tour to explore |
| 07:21 | Will you feed the pigeons? |
| 07:27 | Bottle Gourd Painting |
| 07:32 | Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha |
| 08:01 | Shrinking Footprints |
| 08:27 | Myanmar Tradition of Lotus Flower |
| 08:48 | Let's Taste Delicious Insects |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Mongolia Pavilion at Expo 2020 Dubai |
| 09:32 | Traditional Chin Clothes |
| 09:38 | Archery Session (from Ramayana Play) |
| 10:01 | Dhamma Set Taw (Sein Lei Lei) |

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပဝင်းရော်ဒေသ

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း-၁)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ပဲရင်းထောင်းနဲ့ နွားနောက်သားခြောက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အမိမြန်မာပြည်(အပိုင်း-၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရေချောတိုင်တက်ပွဲအကြောင်း

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
" ဝ " ရိုးရာခေါ်ပုတ်ထောင်းနည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ ရိုးရာအိမ်ကလေး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကော်ယော်မိုနဒေသသို့

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အမွေ' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဖွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တက္ကသိုလ်နေ့သင်တန်းများ (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင်(၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါဘွဲ့သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ဂ) ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)
(ဃ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
(င) မဟာဘွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
(စ) မဟာဘွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြေညာချက်

### တက္ကသိုလ်နေ့သင်တန်းများ ဖွင့်လှစ်ခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(၁) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | ဒုတိယနှစ်သင်တန်း | ၃-၂-၂၀၂၂ |
| (ဂ) | ပထမနှစ်သင်တန်း | ၃-၂-၂၀၂၂ |

(၂) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | မဟာတန်းဒုတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ဂ) | မဟာတန်းပထမနှစ်သင်တန်း | ၆-၁-၂၀၂၂ |

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ညောင်တုန်းမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၂

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီခန့်က တူးကျောင်းကျေးရွာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ မန်းအောင်မျိုးဦးနှင့် ကရင်အမျိုးသားနှစ်သစ်ကူး ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များက ကရင်အမျိုးသားအလံတော်အကြောင်း၊ ကရင်ရိုးရာဖားစည်အကြောင်း၊ ကရင်အမျိုးသားနေ့သမိုင်းကြောင်းနှင့် ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်မျိုးသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ငွေး၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှု ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီနှစ်ခုတို့မှ Sai Vitamin C Injection ၃၄၂၈၀၀၊ Glucose Injection ၁၉၇၀၄ ခု၊ Sai Ibufen Tablet ၇၅၆၀၀၊ Paracetamol Tablet ၃၅၇၀၀၊ Calcium Gluconate Injection ၃၈၄၀၀၊ Cimetidine Injection ၃၂၄၀၀၊ Pai Diclo Injection ၃၃၃၆ ခု၊ Oximeter ၃၂၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လယ်ဝေးမြို့နယ်ရှိ သမဝါယမအသင်း နှစ်သင်းမှ စပါးများ ဝယ်ယူ

**နေပြည်တော် ဇန်နဝါရီ ၂**

သမဝါယမကဏ္ဍမှ စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိနှင့် ဇေယျာသီရိမြို့နယ်များမှ မြို့နယ်သမဝါယမ အသင်းစုများနှင့် အခြေခံသမဝါယမအသင်းများက အသင်းသား တောင်သူများ စိုက်ပျိုးထားသော ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ မဂျမ်းတောနှင့် သုခစပါးများကို ဝယ်ယူသွားမည်ဖြစ်သည်။

ယခုအခါ လယ်ဝေးမြို့နယ် ပိတောက်ချောင် စိုက်ပျိုးရေးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ရွှေမှုလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းများက ဆင်းသုခနှင့် မနောသုခ စပါးတင်း ၂၀၀ ကို ဝယ်ယူသိုလှောင်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## မန္တလေးတိုင်းဒေသကြီးအတွင်း ဦးစားပေးသီးနှံများဖြစ်သော နှမ်းစပါးနှင့် မိုးကြိုဝါစိုက်ကေများရှိသည့် မြို့နယ်တိုင်းကို ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဦးစားပေးသီးနှံများဖြစ်သော နှမ်းစပါးနှင့် မိုးကြိုဝါစိုက်ကေများရှိသည့် မြို့နယ်တိုင်းကို ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က ပြောသည်။

**ရောင်းချပေးသွားမည်**

လက်ရှိတွင် နှမ်းစပါးနှင့် မိုးကြိုဝါသီးနှံများအတွက် စက်ရုံမှထုတ်ယူပြီး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယူရီးယားဓာတ်မြေဩဇာ ကီလို ၅၀ တစ်အိတ်ဈေးနှုန်း သတ်မှတ်ထားရာတွင် စက်ရုံထုတ်ဈေးအနေဖြင့် ငွေကျပ် ၃၀၀၀၀ နှုန်းဖြစ်ပြီး သယ်ယူစရိတ်နှင့် ကုန်ကျစရိတ်တွက်ချက်ကာ တောင်သူများအား တစ်အိတ်လျှင်ငွေကျပ် ၃၂၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရောင်းချရာ၌ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ငါးလအတွင်း နှမ်းစပါးနှင့် မိုးကြိုဝါအတွက် တန်ချိန် ၃၄၇၅ တန်ကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး နှမ်းစပါးကေပေါင်း ၁၁၈၀၀၀ အတွက် တစ်ဧကလျှင် အိတ်ဝက် ၂၅ ကီလိုနှုန်းနှင့် အိတ်ပေါင်း ၆၀၀၀၀ နီးပါး၊ မိုးကြိုဝါစိုက်ဧက ၁၀၀၀၀ အတွက် တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် အိတ်ပေါင်း ၁၀၀၀၀ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာကို တောင်သူတွေ လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့သီးနှံအတွက် ဈေးချိုချိုနဲ့ ဝယ်ယူသုံးစွဲနိုင်အောင်ရောင်းချပေးတာပါ။ အပြင်ဈေးကွက်မှာ ဈေးနှုန်းက တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပါတယ်။ အပြင်ထက်ကို ထက်ဝက်မကပါဘူး။ ဈေးသက်သာစွာနဲ့ ရောင်းချပေးသွားမှာပါ။ လက်ရှိတောင်သူတွေ ဓာတ်မြေဩဇာ အခက်အခဲဖြစ်ပြီး သွင်းအားစုဈေးကြီးနေတာကြောင့် နိုင်ငံတော်ကနေ တကယ်လိုအပ်နေတဲ့ တောင်သူတွေအတွက် အရေးကြီးသီးနှံတွေ ထုတ်လုပ်မှုကျဆင်းမသွားစေဖို့ ရောင်းချပေးတာပါ။ တောင်သူတိုင်း မဟုတ်ပါဘူး။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာဌာနတွေနဲ့ မြို့နယ်မှာရှိတဲ့ ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကော်မတီတွေက အတည်ပြုပြီး အမှန်တကယ် နှမ်းစပါးစိုက်ပျိုးတဲ့ တောင်သူတွေ စာရင်းကိုပြုစုပြီးတော့မှ ကျေးရွာရဲ့အတည်ပြုချက်နဲ့ ရောင်းချပေးသွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

**ဦးစားပေးရောင်းချသွားမည်**

လက်ရှိအချိန်တွင် ခွဲတမ်းရရှိသည့်တန်ချိန် ၃၄၇၅ တန်မှ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွက် တန်ချိန် ၂၀၀ ကို စတင်ထုတ်ယူပြီး သက်ဆိုင်ရာ နှမ်းစပါးစိုက်သည့် ဧကများရှိသော မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ အမရပူရ၊ ငါန်းဇွန်မြို့နယ်နှင့် မိုးကြိုဝါစိုက်ပျိုးသည့် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့တွင် စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ အဓိကအနေဖြင့် နှမ်းစပါး အများဆုံးစိုက်သည့် မတ္တရာ၊ စဉ့်ကူး၊ အမရပူရ၊ ငါန်းဇွန်မြို့နယ်များကို ဦးစွာပထမပေးပို့ပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့် ရိုးရိုးနှမ်းစပါးစိုက်ပျိုးမည့်ဧကများကို ယခုဇန်နဝါရီလလည်မှစ၍ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် နှမ်းစပါးများစိုက်ပျိုးသည့် ရာသီဖြစ်ပြီး မျိုးကောင်းမျိုးသန့်သုံးစွဲပြီး စနစ်တကျအထွက်တိုးနည်းစနစ်များ လိုက်နာကာ စိုက်ပျိုးသည့် တောင်သူများကို ဦးစားပေးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကျင်းပ




မြစ်ကြီးနား ဇန်နဝါရီ ၂

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် မနောမြေ မိုးလုံလေလုံအားကစားခန်းမ၌ ကရာတေးဒိုပြိုင်ပွဲကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးကြသည်။

## ချီးမြှင့်ငွေပေးအပ်

ကရာတေးဒိုပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကရာတေးဒိုအဖွဲ့ ဒိုင်ချုပ်နှင့် နည်းပြများ၏ အတိုက်ပြိုင်ပွဲဖြင့် သရုပ်ပြကစားပြသမှုနှင့် အသက် ၁၂ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၂ နှစ်နှင့်အထက် ကျား/မ ကရာတေးဒိုပြိုင်ပွဲများ ကျင်းပမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒိုင်အဖွဲ့နှင့် သရုပ်ပြအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြစ်ကြီးနားမြို့၌ ရေကူးပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ ဂျူဒိုပြိုင်ပွဲ၊ အသက် ၄၀ အထက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်တွင် ပြည်သူ့အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေနှင့် အနုပညာများ မပျောက်ပျက်စေရန် နိုင်ငံတော်အစိုးရက အလေးပေးဆောင်ရွက်

မြိတ် ဇန်နဝါရီ ၂

ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ရေပုန်းရပ်ရှိ မြိတ်ကက်သလစ် ခရစ်ယာန်ပရဟိတဂေဟာ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

## ရက်မြတ်အဖြစ်ဂုဏ်ယူ

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့လည်းဖြစ်ပြီး ထိုနေ့ကို ကရင်တစ်မျိုးသားလုံး၏ မိဘဘိုးဘေးတို့ထံမှ လက်ဆင့်ကမ်းပေးခဲ့သည့် တစ်ခုတည်းသော အမွေအနှစ်နေ့ကြီးရက်မြတ်အဖြစ် ဂုဏ်ယူကြောင်း၊ ကရင်တိုင်းရင်းသားများတွင် ချစ်စရာကောင်းသည့် ရိုးရာဓလေ့များစွာရှိကြောင်း၊ ထိုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့်အတူ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာတေးသီချင်းများ၊ စကားထာများ၊ တူရိယာများ၊ ဝတ်စားဆင်ယင်မှုများကို မူရင်းအနှစ်သာရများ



မပျောက်ပျက်အောင် အစဉ်အမြဲထိန်းသိမ်းရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ စာပေနှင့် အနုပညာများ မပျောက်ပျက်စေရန် နိုင်ငံတော်အစိုးရကလည်း အားသွန်ခွန်စိုက် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း နှစ်သစ်ကူးအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာကဖတ်ကြား၍ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ (ဗဟို) ရန်ကုန်မှပေးပို့သည့် သဝဏ်လွှာအား နော်စိုးအိအိဇော်က ဖတ်ကြားသည်။

ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်နှစ်သစ်ကူးပွဲတော်သမိုင်းမှတ်တမ်းကို ဖတ်ကြားခြင်း၊ ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေခြင်းဖြင့် ၂၀၂၂ ခုနှစ် ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာကျင်းပသည်။

နှစ်သစ်ကူးပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ မော်လမြိုင် ကက်သလစ်သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်၊ မြိတ်ကက်သလစ်သာသနာ ကျောင်းထိုင်ဆရာတော် ဖာသာဘရူးနိုဖိလစ်နှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)



# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့်(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အထင်ကရနေရာများ၊ ဒေသထွက်ကုန်ပစ္စည်းများအား ပေါ်လွင်ရန် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် အလှပြယာဉ်များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ စေလွှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနအလိုက်ကော်မတီအဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

# လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ချယ်ရီပန်းပွဲတော်ကျင်းပမည်

ကျိုင်းတုံ ဇန်နဝါရီ ၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ချယ်ရီပန်းပွဲတော် ၂၀၂၂ ကို ဇန်နဝါရီ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိလွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိ ပြည်သူများ သွားရောက်ကြည့်ရှုဓာတ်ပုံရိုက်လေ့ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော်ကို နှစ်စဉ် ဇန်နဝါရီလ ဒုတိယပတ်အား ရက်သတ်မှတ်၍ ပြည်တွင်းပြည်ပခရီးသွားများ သွားရောက်လည်ပတ်နိုင်ရန် ခရီးသွားလုပ်ငန်းမြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် ရှမ်း၊ အာခါ၊ လားဟူ၊ 'ဝ' တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကျိုင်းတုံရုံးခွဲတာဝန်ခံ ဦးမင်းမောင်စိုးထံမှ သိရသည်။

မြန်မာနိုင်ငံနေရာအနှံ့အပြား၌ အဆိုပါရာသီတွင် ချယ်ရီပန်းများပွင့်ကြသော်လည်း လွိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အစုလိုက်အပြုံလိုက်ပွင့်သောနေရာရှားပါးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ၌နှစ်စဉ် ဒီဇင်ဘာလမှ ဇန်နဝါရီလအထိ တစ်လကြာ ချယ်ရီပန်းများပွင့်လျက်ရှိသည့်အတွက် ချယ်ရီပန်းပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ လွိုင်မွေဒေသရှိချယ်ရီပန်းပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အီတလီနိုင်ငံ)

**သိန်းဦး**

(ယမန်နေ့မှအဆက်)

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

အီတလီနိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ဌာနခွဲအဆင့်ဆင့်က ကိုင်တွယ်ဆောင်ရွက်သည်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှာ Central Directorate for Electoral Services ဖြစ်သည်။ ယင်းအဖွဲ့အစည်းသည် အမြဲတမ်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဥရောပသမဂ္ဂပါလီမန်ရွေးကောက်ပွဲအပါအဝင် ပြည်ထောင်စုအဆင့်၊ ဒေသအဆင့်နှင့် ဒေသန္တရအဆင့် ရွေးကောက်ပွဲများကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ခရိုင်အဆင့်အုပ်ချုပ်ရေးရုံးများမှတစ်ဆင့် ကြီးကြပ်ကျင်းပပေးရသည်။ ရွေးကောက်ပွဲတွင်အသုံးပြုမည့် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများကို အချိန်မီပြင်ဆင်ပေးပို့နိုင်ရေးအတွက်လည်းကောင်း၊ ရွေးကောက်ပွဲရလဒ်အကြမ်းဖျင်းတွက်ချက်ခြင်းနှင့် အနိုင်ရပါတီများအတွက် ကိုယ်စားလှယ်နေရာခွဲဝေမှု ကနဦးအဆင့်တွက်ချက်ခြင်းတို့ကိုလည်းကောင်း တာဝန်ယူဆောင်ရွက်ရသည်။ Central Directorate for Demographic Services သည် ရွေးကောက်ပွဲအတွက် လူဦးရေအချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ The Department for Internal and Territorial Affairs သည် ရွေးကောက်ပွဲဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်သည့်ကိစ္စရပ်များအား လေ့လာခြင်း၊ မဲဆန္ဒရှင် အရည်အချင်းမပြည့်မီသော ကိစ္စရပ်များနှင့် အရည်အချင်းမပြည့်မီကြောင်း ကြေညာထားသော ကိုယ်စားလှယ်လောင်းများအတွက် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရသည်။

ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲဆိုင်ရာတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာယာယီအဖွဲ့အစည်းများကို တရားရေးရုံးများတွင် ဖွဲ့စည်းထားရှိသည်။ တရားဝင် ရွေးကောက်ပွဲရလဒ်ကို တရားရုံးဆိုင်ရာစနစ်အတွင်း ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲဆိုင်ရာရုံးများမှတစ်ဆင့် တွက်ချက်ဆောင်ရွက်သည်။ National Central Electoral Office ( NCEO ) ကို Court of Cassation (အမြင့်ဆုံးတရားရုံး) အတွင်း ဖွဲ့စည်းထားရှိသည်။ အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားပြီး တရားရုံးဥက္ကဋ္ဌတစ်ဦးနှင့် ဥက္ကဋ္ဌမှခန့်အပ်သည့် အဖွဲ့ဝင် လေးဦးဖြစ်သည်။ NCEO သည် အောက်လွှတ်တော်အတွက် ဒေသဆိုင်ရာအဆင့် ရွေးကောက်ပွဲရလဒ်များ တွက်ချက်ခြင်း၊ ရွေးကောက်ပွဲရလဒ်များ တရားဝင်ကြေညာပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်နေရာ ခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းနှင့် ပါတီအမှတ်တံဆိပ်များနှင့် စပ်လျဉ်းသည့် အယူခံအမှုများကိုလည်း စစ်ဆေးဆုံးဖြတ်ရသည်။

ဒေသဆိုင်ရာရွေးကောက်ပွဲရုံး (Regional Election Offices – REOs) များကို ဒေသဆိုင်ရာ အယူခံရုံးများတွင် ဖွဲ့စည်းထားရှိပြီး အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲရလဒ်များကို တွက်ချက်ရသည်။

ခရိုင်အဆင့်ရွေးကောက်ပွဲရုံး (District Election Offices – DEOs) များကို ခရိုင်အဆင့်အယူခံရုံးများတွင် ဖွဲ့စည်းထားရှိပြီး အောက်လွှတ်တော်အတွက် ခရိုင်အဆင့်ရှိ ရွေးကောက်ပွဲရလဒ်များကို တွက်ချက်ရသည်။ ၎င်းအပြင် မဲရုံဆိုင်ရာရုံး (Polling Electoral Offices – PEOs) များ၏ ဥက္ကဋ္ဌများကိုလည်း ခန့်အပ်ပေးရသည်။

နိုင်ငံပြင်ပမဲဆန္ဒနယ်များမှရောက်ရှိလာမည့် ဆန္ဒမဲများအတွက် မဲရေတွက်ခြင်းဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာရွေးကောက်ပွဲရုံး (REO) တစ်ရုံးနှင့် ခရိုင်အဆင့်ရွေးကောက်ပွဲရုံး (DEO) တစ်ရုံးတို့ကို ရောမအယူခံတရားရုံးတွင် ဖွင့်လှစ်ထားရှိသည်။ ဒေသဆိုင်ရာ ရွေးကောက်ပွဲရုံးများနှင့် ခရိုင်အဆင့်ရွေးကောက်ပွဲရုံးများသည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ၎င်းတို့၏ သက်ဆိုင်ရာတရားရေးနယ်ပယ်အတွင်းမှ တာဝန်ယူဆောင်ရွက်ပေးရသည်။

မြူနီစီပယ်အဆင့်တွင် မြူနီစီပယ်အဆင့်ရွေးကောက်ပွဲကော်မရှင် (MECs) များသည် ရွေးကောက်ပွဲများကို အဓိကတာဝန်ယူဆောင်ရွက်ပေးရပြီး မဲရုံဆိုင်ရာရုံး (PEOs) များအတွက် အဖွဲ့ဝင်များခန့်အပ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးပိုစတာများချိတ်ဆွဲရန် နေရာသတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ မြူနီစီပယ်အဆင့် ရွေးကောက်ပွဲကော်မရှင်များသည် အမြဲတမ်းဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ကြပြီး မြူနီစီပယ်ကောင်စီမှ ရွေးကောက်တင်မြှောက်ထားသော မြူနီစီပယ်ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌအဖြစ် မြူနီစီပယ်မြို့တော်ဝန်မှ ဆောင်ရွက်သည်။

မဲရုံဆိုင်ရာရုံး (PEOs) များသည် မဲရုံပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဓိကတာဝန်ယူကြီးကြပ်ပေးရသည်။ မဲရုံဆိုင်ရာရုံးကို အဖွဲ့ဝင်လေးဦးဖြင့် ဖွဲ့စည်းထားသည်။ မဲရုံဆိုင်ရာရုံး (PEO) ၏အဖွဲ့ဝင် အနည်းဆုံးတစ်ဦးသည် မြူနီစီပယ်ကောင်စီရှိ လူနည်းစုကိုယ်စားပြုသည့်ကောင်စီဝင်ဖြစ်ရသည်။ မဲရုံတစ်ရုံလျှင် မဲဆန္ဒရှင် ၁၂၀၀ နှုန်း သတ်မှတ်ထားသည်။ နိုင်ငံပြင်ပမဲပေးခြင်းကို နိုင်ငံရပ်ခြားရှိ ကောင်စစ်ဝန်ရုံးများမှ တာဝန်ယူ ဆောင်ရွက်သည်။


**၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲ**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အီတလီပါလီမန်အား သမ္မတ Sergio Mattarella က ဖျက်သိမ်းပြီး ၂၀၁၈ ခုနှစ် အီတလီနိုင်ငံအထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုရွေးကောက်ပွဲသည် ၁၈ ကြိမ်မြောက်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၆၃၀ နှင့် အထက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ် ၃၁၅ နေရာ ရွေးကောက်တင်မြှောက်ခဲ့သည်။ နိုင်ငံရေးပါတီပေါင်း ၁၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အောက်လွှတ်တော်အတွက် ညွန့်ပေါင်းအဖွဲ့ဖြစ်သော ဗဟို–လက်ယာညွန့်ပေါင်း (Center–right coalition) က လွှတ်တော်ကိုယ်စားလှယ်၂၆၅ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး Five Star Movement (MSS) ပါတီက လွှတ်တော်ကိုယ်စားလှယ်၂၂၇ နေရာဖြင့် ဒုတိယအနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Matteo Renzi ဦးဆောင်သော ဗဟို – လက်ဝဲညွန့်ပေါင်း (Center – Left Coalition) က တတိယနေရာမှ အနိုင်ရရှိခဲ့သည်။ ထို့အတူ အထက်လွှတ်တော်အတွက်လည်း ညွန့်ပေါင်းအဖွဲ့ဖြစ်သော ဗဟို–လက်ယာညွန့်ပေါင်း (Center – right coalition) က လွှတ်တော်ကိုယ်စားလှယ် ၁၃၇ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး Five Star Movement (MSS) ပါတီက လွှတ်တော်ကိုယ်စားလှယ် ၁၁၂ နေရာဖြင့် ဒုတိယအနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Matteo Renzi ဦးဆောင်သော ဗဟို–လက်ဝဲညွန့်ပေါင်း (Center–Left Coalition) က နေရာ ၆၀ ဖြင့် တတိယနေရာမှ အနိုင်ရရှိခဲ့သည်။

၂၀၁၈ ခုနှစ် အီတလီပါလီမန်ရွေးကောက်ပွဲတွင် အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ၅၀၇၃၆၂၀၄ ဦးရှိပြီး မဲပေးသူဦးရေ ၃၅၁၈၅၇၄၃ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ၄၆၆၁၅၈၁၃ ဦးရှိပြီး မဲပေးသူဦးရေ ၃၅၀၆၇၅၉၄ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်း ၇၅ ဒသမ ၂၃ ရာခိုင်နှုန်းရှိသည်။ နောင်လာမည့် ရွေးကောက်ပွဲမှာ ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့ဟု ခန့်မှန်းထားသည်။

**အောက်လွှတ်တော် ရွေးကောက်ပွဲရလဒ်**





| Coalition | Party | Proportional | | | First-past-the-post | | | Italians abroad | | | Total seats | +/- |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Votes | % | Seats | Votes | % | Seats | Votes | % | Seats | | |
| Centre-right coalition | League (Lega) | 5,698,687 | 17.35 | 73 | 12,152,345 | 37.00 | 49 | 240,072 | 21.43 | 2 | 125 | +109 |
| | Forza Italia (FI) | 4,596,956 | 14.00 | 59 | | | 46 | | | 1 | 104 | +1 |
| | Brothers of Italy (FdI) | 1,429,550 | 4.35 | 19 | | | 12 | | | 0 | 32 | +25 |
| | Us with Italy–UDC (NcI–UDC) | 427,152 | 1.30 | 0 | | | 4 | 11,845 | 1.09 | 0 | 4 | New |
| | Total seats | | | 151 | | | 111 | | | 3 | 265 | - |
| Five Star Movement (M5S) | | 10,732,066 | 32.68 | 133 | 10,732,066 | 32.68 | 93 | 197,346 | 17.57 | 1 | 227 | +119 |
| Centre-left coalition | Democratic Party (PD) | 6,161,896 | 18.76 | 86 | 7,506,723 | 22.85 | 21 | 297,153 | 26.45 | 5 | | -180 |
| | More Europe (+Eu) | 841,468 | 2.56 | 0 | | | 2 | 64,350 | 5.73 | 1 | 3 | New |
| | Together | 190,601 | 0.58 | 0 | | | 1 | N/A | N/A | 0 | 1 | New |
| | Popular Civic List (CP) | 178,107 | 0.54 | 0 | | | 2 | 32.071 | 2.85 | 0 | 2 | New |
| | SVP–PATT | 134,651 | 0.41 | 2 | | | 2 | N/A | N/A | 0 | 4 | -1 |
| | Total seats | | | 88 | | | 28 | | | 6 | 122 | - |
| Free and Equal (LeU) | | 1,114,799 | 3.38 | 14 | 1,114,799 | 3.39 | 0 | 64,523 | 5.74 | 0 | 14 | New |
| Associative Movement Italians Abroad (MAIE) | | N/A | N/A | 0 | N/A | N/A | 0 | 107,236 | 9.55 | 1 | 1 | -1 |
| South American Union Italian Emigrants (USEI) | | N/A | N/A | 0 | N/A | N/A | 0 | 68,291 | 6.08 | 1 | 1 | - |
| Total | | | | | | | | | | | 630 | - |

“၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အီတလီပါလီမန်အား သမ္မတ Sergio Mattarella က ဖျက်သိမ်းပြီး ၂၀၁၈ ခုနှစ် အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုရွေးကောက်ပွဲသည် ၁၈ ကြိမ်မြောက်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၆၃၀ နှင့် အထက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ် ၃၁၅ နေရာ ရွေးကောက်တင်မြှောက်ခဲ့သည်။ နိုင်ငံရေးပါတီပေါင်း ၁၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့”

စာမျက်နှာ ၁၉ သို့ ■

■ စာမျက်နှာ ၁၈ မှ

အထက်လွှတ်တော် ရွေးကောက်ပွဲရလဒ်




| Coalition | Party | Proportional Votes | Proportional % | Proportional Seats | First-past-the-post Votes | First-past-the-post % | First-past-the-post Seats | Italians abroad Votes | Italians abroad % | Italians abroad Seats | Total seats | +/- |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Centre-right coalition | League (Lega) | 5,321,537 | 17.61 | 37 | 11,327,549 | 37.50 | 21 | 226,885 | 21.98 | 0 | 58 | +39 |
| | Forza Italia (FI) | 4,358,004 | 14.43 | 33 | | | 23 | | | 2 | 57 | -41 |
| | Brothers of Italy (FdI) | 1,286,606 | 4.26 | 7 | | | 9 | | | 0 | 18 | +18 |
| | Us with Italy–UDC (NcI–UDC) | 361,402 | 1.20 | 0 | | | 4 | 10,404 | 1.04 | 0 | 4 | New |
| | Total seats | | | 77 | | | 58 | | | 2 | 137 | - |
| Five Star Movement (M5S) | | 9,733,928 | 32.22 | 68 | 9,733,928 | 32.22 | 44 | 174,948 | 17.64 | 0 | 112 | +58 |
| Centre-left coalition | Democratic Party (PD) | 5,783,360 | 19.14 | 43 | 6,947,199 | 23.00 | 8 | 279,489 | 27.08 | 2 | 53 | -57 |
| | More Europe (+Eu) | 714,821 | 2.37 | 0 | | | 1 | 55,625 | 5.39 | 0 | 1 | New |
| | Together | 163,454 | 0.54 | 0 | | | 1 | N/A | N/A | N/A | 1 | New |
| | Popular Civic List (CP) | 157,282 | 0.52 | 0 | | | 1 | 31,293 | 3.15 | 0 | 1 | New |
| | SVP–PATT | 128,282 | 0.42 | 1 | | | 2 | N/A | N/A | N/A | 3 | -1 |
| | Aosta Valley (VdA) | N/A | N/A | N/A | | | 1 | N/A | N/A | N/A | 1 | ±0 |
| | Total seats | | | 44 | | | 14 | | | 2 | 60 | - |
| Free and Equal (LeU) | | 991,159 | 3.28 | 4 | 991,159 | 3.28 | 0 | 55,279 | 5.57 | 0 | 4 | New |
| Associative Movement Italians Abroad (MAIE) | | N/A | N/A | 0 | N/A | N/A | 0 | 110,879 | 10.74 | 1 | 1 | - |
| South American Union Italian Emigrants (USEI) | | N/A | N/A | 0 | N/A | N/A | 0 | 68,233 | 6.61 | 1 | 1 | - |
| Total | | | | | | | | | | | 315 | - |

**နိဂုံး**

အီတလီနိုင်ငံသည် ဒီမိုကရေစီစနစ်ကို စတင်ခဲ့သည့်အချိန်မှစ၍ အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲများသူအနိုင်ရစနစ် (FPTP) တို့ကို ရောစပ်အသုံးပြုခဲ့ပြီး လွှတ်တော်နှစ်ရပ်လုံးတွင် သတ်မှတ်ထားသော မဲဆန္ဒနယ်များမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးများ၊ အနည်းစုလူမျိုးစုများ အချိုးကျပါဝင်နိုင်ရန် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်သော အချက်များကို ပြင်ဆင်ပြဋ္ဌာန်းသည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များကို ဗဟိုတစ်ခုတည်းမှချုပ်ကိုင်ထားမှုမရှိဘဲ သီးခြားစီဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေသဖြင့် ဗဟိုတွင် လုပ်ငန်းတာဝန်ဖိစီးမှုမရှိဘဲ လုပ်ငန်းများကို သက်သောင့်သက်သာဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်မည့် အနေအထားကို လေ့လာတွေ့ရှိရပါသည်။ မဲဆန္ဒရှင်များ မဲပေးရာတွင် လွဲမှားမှုရှိပါကလည်း ပယ်မဲမဖြစ်စေရန် နည်းလမ်းများ သတ်မှတ်ပြဋ္ဌာန်းထားမှုမှာလည်း ကောင်းမွန်ပြီး နိုင်ငံရေးပါတီများ၏ အခက်အခဲတင်ပြချက်များအပေါ် လက်ခံစဉ်းစားပြင်ဆင်ချက်များ ထုတ်ပြန်ဆောင်ရွက်ပေးခြင်းကလည်း ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစေသည်ကို တွေ့ရှိရပေသည်။ သို့ဖြစ်၍ အီတလီနိုင်ငံ၏ ရွေးကောက်ပွဲစနစ်နှင့်ပြဋ္ဌာန်းချက်များမှာ လေ့လာအတုယူစရာများရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး – https://en.wikipedia.org/wiki/Italy
– https://en.wikipedia.org/wiki/Italian electoral law of 2017
– https://en.wikipedia.org/wiki/2018 Italian general election
– The Italian Republic Parliamentary Elections, 4 March 2018 ODIHR Election Assessment Mission Final Report

# သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီး ပါသည်။

၂

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။



၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက်...

# ညောင်ဦးမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ၁၄၁၃၂၀ ထိုးပေးပြီးဖြစ်

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးနိုင်မှု အခြေအနေမှာ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းအထိ ၁၄၁၃၂၀ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ရန် ညောင်ဦးမြို့နယ်တွင် သတ်မှတ်စုရပ်နေရာ ၁၂ နေရာဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ညောင်ဦးမြို့နယ်တွင် ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထိုးပေးနိုင်မှု ၈၆၁၃၀၊ ဒုတိယအကြိမ် ၄၈၃၅၀၊ ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေး Sinovac ထိုးပေးနိုင်မှု ၃၆၂၄ ဦး၊ ဒုတိယအကြိမ် ၃၂၁၆ ဦး စုစုပေါင်း ၁၄၁၃၂၀ ထိုးပေးနိုင်ပြီးဖြစ်ကြောင်း၊ ဆေးခွဲတမ်းရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ကိုထိန်**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

လူမှု ဘဝ

# လူငယ်၊ ပညာရေးနှင့် အားကစား

အနာဂတ်သည် ဆန်းသစ်သကဲ့သို့ လူငယ်များအကြောင်း ပြောဆိုနေကြခြင်းသည်လည်း လက်တွေ့တွင် ကာလတစ်လျှောက်လုံး ပြောဆိုနေခဲ့ကြသည်။ လူငယ်တို့၏ အဆင့်မြင့်ပညာရေး၊ ခေတ်မီဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် သိပ္ပံနည်းကျ တိုးတက်လာသော အရှိန်အဟုန်ကြောင့် ၎င်းတို့သည် လူ့အဖွဲ့အစည်းများတွင် ပိုမိုထိရောက်သော အခန်းကဏ္ဍများတွင် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားနိုင်ပြီလည်းဖြစ်သည်။

"လူငယ်များသည် မနက်ဖြန်၏ ခေါင်းဆောင်များ ဖြစ်သည်။" "လူငယ်များသည် အနာဂတ်"၊ "လူငယ်များသည် ကမ္ဘာကြီးကို ပြောင်းလဲစေလိမ့်မည်" ကဲ့သို့သော လက်သုံးစကားများကို အလွန်အမင်း သုံးစွဲမှုများနှင့် အလားတူသော သဘောထားကွဲလွဲမှုများလည်းရှိသည်။ အမှန်တကယ်တွင် ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၈ ဘီလီယံဖြင့် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ လူငယ်များသည် ပိုမိုလေးနက်သော အသိအမှတ်ပြုမှုများ ခံထိုက်ပေသည်။

ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် လျင်မြန်စွာ ကွဲပြားခြားနားနေသော ကမ္ဘာကြီးတွင် နေထိုင်နေကြသည်။ အားကစား၊ ပညာရေးနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးတို့ကို မြှင့်တင်ပေးသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသည်။ အားကစား၏ အကျိုးကျေးဇူးများသည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် သက်ရောက်မှုထက် ကျော်လွန် ရောက်ရှိနိုင်ပြီး အားကစားကြောင့် ပညာရေးဆိုင်ရာ အကျိုးကျေးဇူးများ၏ တန်ဖိုးကို လျှော့မတွက်သင့်ချေ။

အားကစားမှတစ်ဆင့် ကလေးသူငယ်များ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ ပညာရေးနှင့် ကျန်းမာရေးသည် ပညာရေးပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ ပြောင်းလဲမှုများကို လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်တွင် တွေ့မြင်နိုင်သည်။ ထို့ပြင် ပညာဆိုင်ရာ အလားအလာကောင်းမှုတွင်လည်း တွေ့မြင်နိုင်သည်။ ဤအချက်က ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုများအကြား အပြုသဘောဆောင်သော ဆက်နွယ်မှုကို ပြသသည်။ ကျောင်းတွင်းနှင့် ကျောင်းပြင်ပ နှစ်ခုစလုံးတွင် ရုပ်ပိုင်းဆိုင်ရာ ပညာရေးပံ့ပိုးပေးခြင်းသည် လူငယ်များအား ဘဝနှင့်သက်ဆိုင်သော ကျွမ်းကျင်မှုများကို လေ့လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုခြင်းတွင် အရေးပါလှသည်။

လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အားကစားနှင့် ဆက်စပ်နေသည်။ ကလေးသူငယ်များနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လူမှုရေးအသွင်အပြင် လက္ခဏာများနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အဓိကနယ်ပယ် သုံးခုရှိသည်။ ၎င်းတို့မှာ ပါဝင်ခြင်းနှင့် လူမှုအသိုက်အမြုံ တည်ဆောက်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်အောင် တည်ဆောက်ပေးခြင်းနှင့် လူငယ်များ ကျူးလွန်သော ပြစ်မှုများနှင့် လူမှုအဖွဲ့အစည်း ဘေးကင်းရေးတို့ ဖြစ်သည်။

လူငယ်များ၏ အားကစားဆိုင်ရာ မူဝါဒဖွံ့ဖြိုးတိုးတက်ရေးများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ နိုင်ငံတကာ မူဝါဒများသည် ကမ္ဘာအနှံ့အပြားတွင် ရုပ်ပိုင်းဆိုင်ရာ ပညာရေးနှင့် အားကစား ပို့ဆောင်ရေးတွင် လွှမ်းမိုးခဲ့ပြီး ဖြစ်သည်။ ၎င်းမူဝါဒများသည် အစဉ်အမြဲ ဆောင်ရွက်မှုအဖြစ်သို့ မပြောင်းလဲသော်လည်း ၎င်းတို့သည် ကမ္ဘာ့ဒေသများစွာတွင် အမျိုးသားအဆင့် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရန် ကူညီပေးသည်။

သို့ဖြစ်ရာ ပညာရေးတွင် အားကစားအတွက် လက်တွေ့ကျသော စဉ်းစားတွေးခေါ်မှုများရှိရန် လိုအပ်သည်။ လူငယ်များ ကျောင်းအားကစားတွင်ပါဝင်ရန် အရေးကြီးသည်။ ကျောင်းနှင့် ခေါင်းဆောင်မှုအပိုင်းတွင် လူငယ်နှင့် အားကစား ဆက်နွယ်သော သဘောထားများ၊ အမြင်များရှိရန် လိုအပ်သည်။

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

*[Ref: Sport, education and child and youth development, Internet]*

## ကဗျာ

### စေတနာ


အကယ်၍သာ၊ ငါ့သည်းညှာသည်
များစွာဖိုးထား၊ ပတ္တမြားသို့
ကျောက်သားမြုတေ၊ ဖြစ်ပါလေမူ
ထုချေရိုက်ခွဲ၊ ပိုင်းပိုင်းထဲမှ
တွဲရွဲညာညီ၊ တစ်လုံးစီကို
ကုံးသီရှုရှု၊ ပိုးကြိုးစနှင့်
နှမလည်တွင် ငါဆွဲဆင်အံ့။
အကယ်၍သာ၊ ငါ့သည်းညှာသည်
ချပ်လွှာသေးသေး၊ ရနံ့မွှေးသည့်
ငုံကွေးမာလာ၊ ပန်းဖြစ်ပါမူ
ရှိုးညှာကိုဖြတ်၊ ငါချူဆွတ်၍
လှုထွတ်မေညာ၊ မင့်ကေသာဝယ်
ပန်ပါစေချင်၊ ငါလျှင်ဆင်အံ့။


(တဂိုး၏ "ဥယျာဉ်မှူး" မှ)

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





ဓမ္မ ပုံပြင်

# ကြီးငယ် မဟူသာ

မင်းယုဝေ

နောက်တစ်နေ့သို့ ရောက်သောအခါ ဘေဒက မင်းကြီးသည် လုလင်ကို ခေါ်စေပြန်သည်။

"အမောင် ယမန်နေ့က မှတ်သားဖွယ်စကားထူးကို သင်ဆိုသည်မှာ အကျိုးရှိလှပေသည်။ ယနေ့လည်း ဆိုပါဦးလော့" ဟူ၍ မိန့်တော်မူသည်။ လုလင်ကလည်း.. "အရှင်မင်းကြီး 'အထူးအဆန်းဖြစ်လာထွန်းသော်မပယ်ရာ၊ ပညာသည်ကို ကြီးငယ်မဆိုရာ'ဟူသောစကားကိုကြားဖူးတော်မူပါသလော" ဟူ၍ မေးသည်။ မင်းကြီးက...."အမောင်၊ သည်စကားကို ငါမကြားဖူးပါ။ ထင်စွာ ပြပါလော့" ဟူ၍ ဆိုတော်မူသည်။ ထိုအခါ လုလင်က ရှိသေစွာ လျှောက်ထားလေသည်။

"အရှင်မင်းကြီး ရှေးသရောအခါ သီတလပြည်၌ မိန်းမငယ်တစ်ယောက်သည် ပဋိသန္ဓေရ၍ ဖွားသောအခါ တစ်ထွာခန့်အရွယ်သာရှိသော သားယောကျ်ားကလေးကို ဖွားမြင်ပါသည်။ ထိုသားငယ် ဖွားခါနီးတွင် အဖဖြစ်သူမှာ ကွယ်လွန်ခဲ့ရှာပါသည်။ အိမ်နီးချင်းများက ထိုမိခင်အား..."သင့်သားသည် မွေးရိုးမွေးစဉ်သားမျိုးမဟုတ်၊ တစ်ထွာခန့်အရွယ်သာရှိသည်။ ဆန်းလှသည်။ လူတကာ ကဲ့ရဲ့စရာ ဖြစ်တော့သည်။ သင့်မှာလည်း ခင်ပွန်းရှိသည်မဟုတ်။ ထိုလူစဉ်မမီသော သားထူးသားဆန်းကို ရေ၌ပစ်လေ" ဟူ၍ ဆိုကြပါသည်။

ထိုအခါ မိခင်က အိမ်နီးချင်းတို့၏ စကားကို မနာယူပါ။ "လောက၌ မိခင်တို့မည်သည် မည်သည့်သားမျိုး၊ သမီးမျိုးကို မွေးသည်ဖြစ်စေ ချစ်ရသည်သာဖြစ်သည်။ ပြုစုစောင့်ရှောက်ကျွေးမွေးရသည်သာဖြစ်သည်။ ငါသည် ငါ့သားကလေးကို မစွန့်ပစ်နိုင်ပါ။ လူစဉ်မမီရှာသဖြင့် မေတ္တာထားရုံတွင်မက သနားကရုဏာပင် ပိုပါသေးသည်" ဟုဆိုကာ သားငယ်ကို ကောင်းစွာကျွေးမွေးစောင့်ရှောက်ပါသည်။

သားငယ်သည် တစ်စတစ်စ ကြီးပြင်းလာပါသည်။ သို့ရာတွင် တစ်တောင်ခန့်အရွယ်သို့ ရောက်သောအခါတွင်မူ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်မှာ ကြီးမလာတော့ပါ။ တစ်တောင်အရွယ်ခန့်မျှသာရှိသည့် လုလင်ကလေးသာ ဖြစ်နေပါသည်။ ထို့ကြောင့် မိခင်က သူ့အား "ရတန" ဟူ၍ အမည်မှည့်ခေါ်ပါသည်။ သူ့အရွယ်နှင့်လျော်ညီသော အဝတ်အစားတို့ကို ဆင်မြန်းပေးပါသည်။

တစ်နေ့တွင် ရတနက..."ငါ့မိခင်သည် ငါ့ကို ပင်ပန်းဆင်းရဲစွာ မွေးကျွေးလာခဲ့သည်မှာ ကြာပြီ။ ငါ့အတွက်ကြောင့် မိခင်မှာ ဆန်ကွဲ တစ်လက်ဖက်မျှ အကျိုးမခံရရှာလေ။ ငါသည် အမိကျေးဇူးကို အစွမ်းရှိသမျှ ဆပ်သင့်ပေသည်" ဟူ၍ အောက်မေ့ဆင်ခြင်မိပါသည်။ သို့ဖြင့် မိခင်အား "မိခင်၊ ဈေးရောင်းသွားသောအခါ ချစ်သားကို တောင်းမှာထည့်ပြီး ဆောင်ယူသွားပါ။ သည်ပြည်တွင် ချစ်သားကဲ့သို့အရွယ်ငယ်၍ထူးဆန်းသောသူမျိုးရှိမည်မထင်။ ချစ်သားကို ဈေးပွဲ၌ ပြကာ ကြည့်ရှုသူများထံမှ အခကြေးငွေ တောင်းခံပါ" ဟု ဆိုပါသည်။ မိခင်ကလည်း...

"ငါ့သားကို လူလယ်ကောင်၌ အထူးအဆန်းအဖြစ် ပြ၍ရသောငွေကို မိခင် အလိုမရှိပါ။ ထိုငွေကို မိခင် မသုံးရက်ပါ။ ချစ်သားကိုသာ မိခင် ကျွေးမွေးစောင့်ရှောက်ပါမည်" ဟူ၍ မိခင်တို့ချစ်ခြင်းဖြင့် ပြောဆိုပါသည်။ ထိုအခါ ရတနက.. "မိခင် ချစ်သားသည် မိခင်ကို ကျေးဇူးဆပ်လိုသဖြင့် သည်သို့ကြံခြင်းဖြစ်ပါသည်။ အမိကျေးဇူးကိုသိသော သားတို့မှာ လောကတွင် ဘုန်းတေဇာကြီးမြင့်ကြသည်သာဖြစ်ပါသည်။ သားမောင်၏အလိုကို ဖြည့်ပါ" ဟု တောင်းပန်ပါသည်။

ဤတွင် မိခင်လည်း ရတနကို ဈေးသို့ ဆောင်ယူပြီး လူများကို အခကြေးငွေယူ၍ ပြသပါသည်။ ထိုအခါ ငွေအသပြာများစွာရခဲ့ပါသည်။ ထိုအခိုက် တစ်ပြည်ရပ်ခြားမှ သင်္ဘောတစ်စင်း ဆိုက်လာပြီး သင်္ဘောသားတို့ ဈေးသို့ ရောက်လာကြပါသည်။ သင်္ဘောသားတို့သည် ရတနကို ကြည့်ကာ အံ့ဩမဆုံးရှိကြပါသည်။ သူတို့က သူတို့ပြည်သို့ ရတနအား ခေတ္တခေါ်သွားကာ အံ့ပွဲအဖြစ် ပြသရသော် ငွေအမြောက်အမြား ရလိမ့်မည်ဟူ၍ ဆင်ခြင်မိကြပါသည်။

သို့ဖြင့် ရတန၏ မိခင်အား... "သင့်သားကို ငါတို့ပြည်သို့ ခေတ္တခေါ်သွားပါရစေ" ဟု ဆိုပါသည်။ မိခင်က... "ငါ့သားကို မခွဲနိုင်၊ မထည့်နိုင်ပါ" ဟု ငြင်းဆိုပါသည်။ ထိုအခါ ရတနက... "သင်တို့ ငါ့မိခင်အား အသပြာတစ်ထောင်ပေးပါက ငါလိုက်မည်" ဟုပြောကာ မိခင်ထံခွင့်ပန်ပါသည်။ မိမိသုံးနှစ်အတွင်း ပြန်လာမည်ဖြစ်ကြောင်းလည်း မိခင်အား ဖျောင်းဖျပြောဆိုပါသည်။ သင်္ဘောသားတို့လည်း သဘောတူကာ ရတနအား ငွေအသပြာတစ်ထောင် ပေးပါသည်။ ရတနလည်း ထိုငွေတစ်ထောင်ကို မိခင်အား ပေး၍ ပူဇော်ကန်တော့ပါသည်။ မိခင်ကလည်း ငွေကို လက်ခံကာ "အမိ၏ ကျေးဇူးကို သိပေသော သားလိမ္မာသည် ဘုန်းကြီး၍ သက်ရှည်ပါစေ၊ လိုရာဆန္ဒတို့ ပြည့်ဝပါစေ" ဟူ၍ မျက်ရည်စမ်းစမ်းဖြင့် ဆုပေးပါသည်။ ထို့နောက်.. "ချစ်သား သုံးနှစ်အတွင်း မိခင်ထံ ပြန်လာပါ။ သုံးနှစ်ကျော်၍မှ ချစ်သားပြန်မလာလျှင် မိခင် ရင်ကွဲနာကျ၍ သေရပါလိမ့်မည်" ဟူ၍ တတွတ်တွတ်မှာကြားပါသည်။

ရတနလည်း မိခင်ကို သုံးနှစ်အတွင်း ပြန်လာမည်ဖြစ်ကြောင်း ဝန်ခံစကားပြောကြားကာ သင်္ဘောသားတို့နှင့်အတူ လိုက်ပါသွားသည်။

သင်္ဘောသည် အစဉ်အတိုင်းလွှင့်လာရာလမ်းခရီးတွင် "စိတ္တဒီပ"မည်သော ကျွန်းသို့ ခေတ္တဆိုက်ရောက်ကြပါသည်။ ထိုကျွန်းသူကျွန်းသားတို့သည် နက်နဲဆန်းကြယ်သော ပညာတို့ကို တတ်ကျွမ်းသူများ ဖြစ်ကြပါသည်။ သူတို့သည် ရတနကို မြင်တွေ့သောအခါ ချစ်ခင်ကြင်နာသဖြင့် "ငါတို့ကျွန်း၌ သည်လူထူးလူဆန်းကလေးကို ခေတ္တထားပါ။ သင်တို့ တိုင်းပြည်သို့ ပြန်၍ နောက်တစ်ခေါက် ပြန်လာသောအခါမှ ဝင်ခေါ်ပါ။ သည်အတွက် ငါတို့ကအသပြာ တစ်သောင်းပေးမည်" ဟူ၍ သင်္ဘောသားတို့ကို ပြောဆိုပါသည်။

သင်္ဘောသားတို့လည်း သဘောတူကာ ရတနကို ထိုကျွန်း၌ ထားခဲ့ပါသည်။ သူတို့ရသော အသပြာတစ်သောင်းအနက်မှ အသပြာတစ်ထောင်ကိုလည်း ရတနအား ပေးပါသည်။

ထိုကျွန်း၌နေစဉ် ကျွန်းသူကျွန်းသားတို့သည် ရတနအား ကောင်းစွာကျွေးမွေးစောင့်ရှောက်ကြပါသည်။ ထို့ပြင် ဓားအတတ်၊ လှံအတတ်၊ လေးမြားအတတ်တို့ကိုလည်း သင်ပေးပါသည်။ ထို့မျှမက အထူးထူးအပြားပြားဖန်ဆင်းနိုင်သော နာနာရုပ်အတတ်ပညာထူးကိုပါ သင်ပေးပါသည်။

ထိုအတတ်ပညာတို့ကို သင်ယူပြီးသော် ရတနက... "အဆွေတို့ ငါ့မှာ တစ်တောင်မျှသော အရွယ်မှ တိုး၍ မကြီး၊ လူစဉ်မမီ ဖြစ်နေရသည်။ ထိုဘဝမှ လွတ်မြောက်စေသောမန္တန်ကို သင်တို့ တတ်ပါက ငါ့အား သင်ပေးပါ" ဟူ၍ တောင်းပန်ပြောဆိုပါသည်။

ထိုအခါ ကျွန်းသူကျွန်းသားတို့က "အဆွေရတန၊ သင်၏တိုင်းပြည်သို့ပြန်ရောက်သောအခါ အိမ်ရှေ့အရာကို ရအောင် ကြိုးစားပါ။ အိမ်ရှေ့အရာကို ရ၍ မှူးမတ်ဗိုလ်ပါတို့ သင့်ကိုအလေးအမြတ်ပြုကာ ပူဇော်သောအခါ မန္တန်ကိုရွတ်ပါ။ ထိုမန္တန်ကို ငါတို့သင်ပေးလိုက်မည်။ ထိုသို့ပူဇော်ခံရ၍ မန္တန်ကို ရွတ်သောခဏ၌ သင်သည် လူစဉ်မမီသောဘဝမှ ကင်းလွတ်ပြီး လူတန်းစေ့အရွယ်အစားသို့ ရောက်ပါလိမ့်မည်" ဟု ဆိုကြပါသည်။ သို့ဆိုပြီးသော် မန္တန်ကို ချစ်ခင်ယုယစွာဖြင့် သင်ပေးကြပါသည်။

မကြာမီ ယခင်ကထွက်ခွာသွားသော သင်္ဘောသားတို့ ဆိုက်ရောက်လာကြပါသည်။ ရတနသည် ကျေးဇူးရှင်ကျွန်းသူကျွန်းသားတို့အား ရှိခိုးနှုတ်ဆက်ပြီးနောက် သင်္ဘောသားတို့နှင့်အတူ မိမိပြည်သို့ ထွက်ခွာခဲ့ပါသည်။

သီတလပြည်သို့ ရတနပြန်ရောက်သော် မိမိအား လွမ်းဆွတ်တမ်းတကာ တမျှော်မျှော်ရှိနေသော မိခင်ထံသွား၍ လက်ဝယ်ရှိအသပြာတစ်ထောင်ကို ပေးပြန်ပါသည်။ မိခင်ကလည်း... "ချစ်သား၊ ငါသည် ငွေအသပြာကိုမလို၊ ငါ့သားကိုသာ လိုပါသည်" ဟု ဆိုကာ မျက်ရည်လည်ရွဲဖြင့် ဖက်ယမ်းပွေ့ပိုက်နမ်းရှုပ်ပါသည်။

ရတနသည် အမိနှင့် အတူနေရာမှ ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ဘုရင့်ထံသို့ တမန်တစ်ယောက်ကို စေလိုက်ပါသည်။ တမန်နှင့်အတူ စာသဝဏ်လည်း ပါးလိုက်ပါသည်။ စာသဝဏ်တွင်...

"ငါ့အား အိမ်ရှေ့အရာကိုသော်လည်း ပေးမည်လော၊ သို့တည်းမဟုတ် စစ်ကိုလည်း တိုက်မည်လော။ ငါသည် အထူးထူးသော အတတ်တို့ကို တတ်မြောက်သူဖြစ်သည်" ဟူ၍လည်း ရေးသားပေးလိုက်ပါသည်။

ဘုရင်လည်း စာသဝဏ်ကိုဖတ်ရသော် အမတ်တို့ကိုခေါ်၍ တိုင်ပင်ပါသည်။ အမတ်တို့ကလည်း... "ရတနသည် တစ်တောင်သာသာ အရွယ်မျှသာရှိသူဖြစ်သည်။ သို့ရာတွင် 'ပညာကျယ်သော် ကြီးငယ်မဟူသာ' ဟူ၍ ဆိုရိုးရှိချေသည်။ အကျွန်ုပ်တို့ စုံစမ်းဦးအံ့" ဟူ၍ လျှောက်တင်ကြပါသည်။ ထို့နောက် ရတနထံ သွားရောက်စုံစမ်းရာ အထူးထူးသော အံ့ဖွယ်ပညာများ တတ်မြောက်သည်ကို တွေ့ရှိရပါသည်။

ထိုအခါ မှူးမတ်တို့က ဘုရင်အား... "အရှင်မင်းကြီး ရတနသည် အရွယ်ငယ်သော်လည်း လေးစားသင့်သည့်ပညာရှင် ဖြစ်ပေသည်။ ချီးမြှောက်တော်မူမှ သင့်ပါမည်" ဟု လျှောက်တင်ထားကြပါသည်။ ဘုရင်ကလည်း "တစ်တောင်မျှသာရှိသော လူသိမ်လူနုပ်ကို ဘာကြောင့်ချီးမြှောက်ရမည်နည်း။ သင်းကို ငါ မမှု" ဟု ဆိုပါသည်။ ထိုအခါ မှူးမတ်တို့သည် ရတနအား ခေါ်ကာ... "သင် အိမ်ရှေ့အရာကို လိုသော် သင်၏ အစွမ်းကိုပြလော့" ဟု ဆိုကြပါသည်။

ရတနလည်း ဓားလှံအတတ်၊ လေးမြားအတတ် စသည်တို့ကို ရှေးဦးစွာ ပြသပါသည်။ ထို့နောက် ကျောက်ခဲများကိုယူစေကာ နာနာရုပ် အတတ်ဖြင့် ဖန်ဆင်းလေရာ ဆင်၊ မြင်း၊ ဗိုလ်ပါ စစ်အင်္ဂါတို့ ပေါ်ထွက်လာပါသည်။ ထိုသို့သော အံ့ဖွယ်သရဲကို မြင်သော် ဘုရင်သည် ရတနအား လေးစားကြောက်ရွံ့ကာ အိမ်ရှေ့အရာ ပေးအပ်ချီးမြှင့်လိုက်ပါသည်။


ရတနသည် အိမ်ရှေ့မင်းအဖြစ်သို့ ရောက်လျှင် ရှေးဦးစွာ မိခင်အား ပင့်ခေါ်ကာ အိမ်တော်ဦး၌ ထားပါသည်။ ထို့နောက် မြတ်သောနေရာ၌ ထိုင်ကာ မှူးမတ်ဗိုလ်ပါတို့၏ အရိုအသေပြုခြင်းကို ခံယူပါသည်။ မှူးမတ်ဗိုလ်ပါတို့သည် သူ့အား အရိုအသေပြုဆဲမှာပင် သူသည်ကျွန်းသားတို့ သင်ပေးသော မန္တန်ထူးကို ရွတ်ဆိုပါသည်။ ထိုခဏ၌ ရတနသည် လူစဉ်မမီသော ဘဝမှ ကင်းလွတ်ပြီး လှပတင့်တယ်၍ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံကြံ့ခိုင်သော ယောကျ်ားမြတ်အဖြစ်သို့ ရောက်ရှိလာပါသည်။

ထိုအကြောင်းကို ကြားသိသော် ဘုရင်သည် ရတနအား ဝမ်းမြောက်ဝမ်းသာပင် သမီးတော်နှင့် လက်ထပ်ထိမ်းမြားပေးပါသည်။

လုလင်၏ စကားထူး၊ ပုံထူးကို ကြားနာရသောအခါ ဘေဒကမင်းကြီးသည် များစွာကျေနပ်အားရတော်မူလေသည်။

"အမောင် သင်၏စကားထူးသည် ဆင်ခြင်မှတ်သားဖွယ် အကျိုးထူးပါပေသည်" ဟု ဆိုကာ ရွှေစင်တစ်ထောင်ဖြင့် ပူဇော်လိုက်လေသည်။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၀၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၇၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၅၅,၈၇၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၀၂၅) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀၉)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၆၉၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၇၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၁-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၀,၈၁၆,၄၄၁) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၅,၅၇၁,၉၁၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၂၄၄,၅၂၄) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၆,၃၈၈,၃၅၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် (၂-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၄၀၃,၄၃၄) ဦးရှိ၍ သေဆုံးသူ (၈၃) ဦး ရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများ စသည့် ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၃၁) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄)ဦး၏ ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရကြောင်း (၂၈-၁၂-၂၀၂၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေး စင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၉) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၃) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၀၀) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၁၇၁) ခု | (၅၉) ဦး |
| **စုစုပေါင်း** | (၆,၉၀၇) ခု | (၇၉) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေ (၁-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၂၄၄,၅၂၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၅,၅၇၁,၉၁၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၀,၈၁၆,၄၄၁) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၆,၃၈၈,၃၅၈) ကြိမ် |


### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၈၆၄၅၁၉ | ၄၁၅၁၈၄၇၂ | ၈၄၇၁၆၂ |
| ၂။ | အိန္ဒိယ | ၃၄၈၈၉၁၃၂ | ၃၄၂၈၄၅၆၁ | ၄၈၁၇၇၀ |
| ၃။ | ဘရာဇီး | ၂၂၂၉၁၅၀၇ | ၂၁၅၆၇၈၄၅ | ၆၁၉၁၃၉ |
| ၄။ | ဗြိတိန် | ၁၃၁၀၀၄၅၈ | ၁၀၃၆၅၂၆၂ | ၁၄၈၇၇၈ |
| ၅။ | ရုရှား | ၁၀၅၃၇၉၆၆ | ၉၅၂၄၀၃၉ | ၃၁၀၅၁၈ |
| ၆။ | ပြင်သစ် | ၁၀၁၉၁၉၂၆ | ၈၁၃၄၈၄၁ | ၁၂၃၈၅၁ |
| ၇။ | တူရကီ | ၉၅၁၉၂၈၁ | ၉၀၈၆၆၃၇ | ၈၂၅၀၆ |
| ၈။ | ဂျာမနီ | ၇၁၉၆၁၅၄ | ၆၄၄၁၀၀၀ | ၁၁၂၈၂၆ |
| ၉။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |
| ၁၀။ | အီတလီ | ၆၂၆၆၉၃၉ | ၅၁၀၇၇၂၉ | ၁၃၇၅၁၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၃၁၆၈ | ၄၁၁၄၆၈၉ | ၁၄၄၀၉၇ |
| ၂။ | ဖိလစ်ပိုင် | ၂၈၅၁၉၃၁ | ၂၇၇၈၉၄၃ | ၅၁၅၇၀ |
| ၃။ | မလေးရှား | ၂၇၆၁၄၇၂ | ၂၆၈၈၉၂၅ | ၃၁၅၁၃ |
| ၄။ | ထိုင်း | ၂၂၉၅၅၈ | ၂၁၇၄၇၃၀ | ၂၁၇၂၀ |
| ၅။ | ဗီယက်နမ် | ၁၇၆၃၀၄၀ | ၁၃၇၂၆၉၆ | ၃၂၈၃၁ |
| ၆။ | မြန်မာ | ၅၃၀၀၂၅ | ၅၀၈၆၉၆ | ၁၉၂၇၄ |
| ၇။ | စင်ကာပူ | ၂၇၉၈၆၁ | ၂၇၆၀၃၃ | ၈၂၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၅၁၀ | ၁၁၆၉၄၀ | ၃၀၁၃ |
| ၉။ | လာအို | ၁၁၂၇၆၇ | ၁၀၃၂၆၅ | ၃၈၀ |
| ၁၀။ | ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃၁-၁၂-၂၀၂၁ ရက်နေ့မှအဆက်

"ဘာပဲပြောပြောပေါ့ကွယ်။ အခုလို ညီမရဲ့အိမ်နဲ့ အဆင်ပြေသွားတယ်ဆိုတာကိုပဲ မမဝင်းတော့ ဝမ်းသာလှပါပြီ။ ညီမနဲ့မမဝင်းတို့ဟာ အဖြစ်ချင်းကတော့ တူသယောင် ထင်ရတယ်။ ဒါပေမဲ့ ဘဝချင်းကတော့ မတူပါဘူး ညီမ။ တခြားစီပါ။ တကွဲတပြားစီပါ။ မမဝင်းတို့ဘဝက နုံနဲ့ပါတယ်။ အဲဒါနဲ့ အမျှ မမဝင်းတို့ကို စောင့်ကြည့်တဲ့သူနည်းတယ်။ ညီမနဲ့စာရင် လွတ်လပ်တယ်လို့ ပြောလို့ရတယ်။ ခံစားရတာကတော့ ခံစားရတာပေါ့ကွယ်။ ဒါပေမဲ့ အဲဒီ ခံစားရမှုကို ဖြေသိမ့်လို့ရတယ်။ ပတ်ဝန်းကျင်ရဲ့ အနှောင့်အယှက်ဟာ အနာဟောင်းကို ဆွပေးသလို မဖြစ်စေခဲ့ဘူး။

ညီမကို မမဝင်းတစ်ခု ပြောချင်တယ်။ လောကဆိုတာ ကိုယ်က အရှုံးပေးရင် အရှုံးတွေနဲ့ချည်း ဆက်တိုက်ရင်ဆိုင်ရတတ်တယ်။ စိတ်မှာ ရှုံးတစ်ခါနိုင်တစ်လှည့်လို့ သဘောထားပြီး ကိုယ်နိုင်လှည့်ကို အရယူစေချင်တယ်။ အရှုံးနဲ့ချည်း ရေစုန်မျောလိုက်ခဲ့မယ်ဆိုရင် လူ့ဘဝမှာ တဒင်္ဂလူလာဖြစ်ရတာဘာမှ အဓိပ္ပာယ်ရှိတော့မယ်မဟုတ်ဘူး ညီမ"

ခင်ခင်ကြီးသည် မဝင်းရီ၏ မျက်နှာကို စူးစိုက်ကြည့်မိသည်။ မဝင်းရီ၏ သဘောထားကိုကြားရ၍ အားတက်သလိုလည်း ခံစားရသည်။ ကားသည် ခင်ကြီးဆင့်တောင်တန်းမှ ကျော်လွှန်လာခဲ့ဖြစ်သည်။ ရေနံချောင်း၊ ချောက်နှင့် ကျောက်ပန်းတောင်းလမ်းများ ဆုံရာသို့ ရောက်သည်။ သည့်တွင် ခင်ခင်ကြီးသည် ရုတ်တရက် ကိုညိုထွန်းကို သတိရသည်။

"အစ်ကိုထွန်း ဘယ်နေ့က ပြန်သွားတာလဲဟင်"

ခင်ခင်ကြီးက မေးသည်။

"ညီမနဲ့ တစ်ရက်ခြားမှာပဲ"

"ခင်ကြီးနဲ့ပတ်သက်လို့ သူဘာများ ပြောသေးသလဲ မမဝင်းရီ"

"ညီမ ပြန်လိုက်သွားတော့ သူက မှတ်ချက်ချတယ်လေ။ တစ်နေ့မှာ ဒီလိုပဲဖြစ်လာရမယ်ဆိုတာ သူကြိုပြီး သိနေသတဲ့။ ကြိုပြီးတွေးတတ်ခဲ့သတဲ့။ အဆုံးမှာတော့ အတန်းအစားမညီကြတဲ့ လူအချင်းချင်း ဒီသဘောမျိုးနဲ့ တွေ့ကြုံကြပြီး ဒီသဘောမျိုးနဲ့ ကွဲကွာကြရမှာ ဓမ္မတာပဲတဲ့။ အမှန်တော့ ညီမတို့အနေနဲ့က မမဝင်းတို့ကို တဒင်္ဂနားခိုရာလောက် သဘောထားတာပါတဲ့"

မဝင်းရီ၏ စကားများကို ကြားရလေလျှင် ခင်ခင်ကြီး အမှန်ပင် စိတ်မကောင်း။

"ခင်ကြီးမှာ ဒီစိတ်ထားမျိုး မရှိရိုး အမှန်ပါ မမဝင်းရီရယ်။ ခင်ကြီးရဲ့ ရင်ထဲက ဝေဒနာနဲ့စေတနာကို ခင်ကြီး ကိုယ်တိုင်သာ သိမှာပါ။ ဒါမျိုးဆိုတာက ထုတ်ပြလို့ရတတ်တဲ့ အရာမျိုးလည်းမဟုတ်ဘူး မဟုတ်လား။ အေးလေ တစ်နေ့မှာတော့ ခင်ကြီးအနေနဲ့ အကောင်အထည်ပြနိုင်ခွင့် ကြုံလိမ့်မယ် ထင်ပါတယ်။ ပြနိုင်ခွင့်ကြုံပါစေလို့လည်း ခင်ကြီး ဆုတောင်းပါတယ် မမဝင်းရီ"

လမ်းမီးများ လင်းလက်လာချိန်တွင် ခင်ခင်ကြီးတို့ ရေနံချောင်းသို့ ရောက်သည်။ အေးကုန်းရှိ မဝင်းရီတို့အိမ်သို့ အလျင်ဝင်သည်။ မဝင်းရီကို အရင်ပို့ပေးသည်။ ၎င်းနောက် ဦးမောင်ကလေး၏ အိမ်သို့ လာခဲ့ကြသည်။

ဦးမောင်ကလေး၏ဇနီး ဒေါ်ရွှေသစ်သည် ခင်ခင်ကြီးတို့အား ဝမ်းပန်းတသာ ကြိုဆိုသည်။ ကလေးကို အရင်ထွေးပွေ့သည်။ လသမီးမျှသာရှိသေးသော ကလေးငယ်သည် ပွေ့ချီသူ၏ လက်အတွင်း အငြင်းအဆန်မရှိ လိုက်ပါသွားသည်။ သူသည် အပူအပင် အကြောင့်ကြရှိဟန်မတူ။ လူကြီးတွေ ဘာဖြစ်နေသည်ကို မသိ။ ဆာလောင်မွတ်သိပ်ခြင်းမရှိသော ကာလတွင် ပြုံးမည်၊ ရယ်မည်။ ဆာလောင်မွတ်သိပ်သော ကာလတွင်မဲ့မည်၊ ငိုမည်။ ဤသည်ကလွဲ၍ သူ့အဖို့ ဘာတစ်ခုမျှ မထူးခြားဘဲရှိသည်။ သူကား အေးချမ်းလေသူ ပေတကား။

မည်သူက မည်မျှ ချစ်ပါသည်ဆိုဆို၊ မည်သူက မည်မျှ စေတနာထားပါသည် ပြောပြော ခင်ခင်ကြီးအနေနှင့်ကမူ မိမိရင်သွေးကို မိမိကိုယ်နှင့်မခွဲချင်လောက်အောင်ရှိသည်။ မည်သူ့ကိုမျှ ယုံကြည်စိတ်ချနိုင်ခြင်းမရှိ၊ နောက်ဆံတင်းလျက်သာပင်။

ကလေးကို ဒေါ်ရွှေသစ်က လက်မလွှတ်။ ယခုကတည်းကပင် ကလေးငယ်မှာ မိခင်ဖြစ်သူနှင့် ဘာမျှမဆိုင်၊ မိမိတို့ ကိုယ်ပိုင်ပစ္စည်းပမာ ပြုမူသည်။ ယခုကတည်းက ခွဲခွဲခြမ်းခြမ်းလုပ်ချင်နေပုံရသည်။ ဤသည်ကို မြင်ရလေတော့ ခင်ခင်ကြီး၏ရင်မှာ ကြေကွဲလာရသည်။ ဝမ်းနည်းစိတ်တို့ဖြင့် မျက်ရည်မကျမိစေရန် မနည်းပင် အောင့်အည်းနေရသည်။

"ကြည့်စမ်းပါဦးဟယ်။ တို့များရဲ့ သမီးကလေးဟာ မျှစ်စို့ပေါက်ကြီး ကျနေတာပဲ။ ချောလိုက်တာကလဲ မှုံလို့" စသည်ဖြင့် ဒေါ်ရွှေသစ်က အဖြစ်သည်းနေသည်။ ငါကတော့လေ ကလေးအဖေဆိုတဲ့ ခွေးတိရစ္ဆာန်ကို တွေ့ချင်တယ်။ ဒင်းကိုများ တွေ့ရင်လား ဒီလိုသမီးနဲ့ ဒီလိုမယားကို စွန့်ပစ်ရက်လောက်အောင် မိုက်မဲရမလား ဆိုပြီး မှုန့်မှုန့် ညက်ညက် ချေပစ်လိုက်ချင်တယ်" စသည်ဖြင့်လည်း ဒေါ်ရွှေသစ် ကြုံးဝါးသည်။

ခင်ခင်ကြီး ဘာမျှမပြောတတ်။ ရင်မှာ နာကျင်လှိုက်လှဲလာသည်။

ခင်ခင်ကြီးသည် ကလေးထံမှတော်တော်နှင့် ခွာထွက်မလာနိုင်၊ အတော် ညဉ့်နက်သည်အထိ တဝဲလည်လည် ဖြစ်နေသည်။ ကိုထွန်းခင်က ပြန်ကြရန် အကြိမ်ကြိမ် ပြောရသည်။ ဦးမောင်ကလေးကလည်း ညဉ့်နက်လှပြီဖြစ်ကြောင်း အခါခါသတိပေးသည်။

အတော်ကြီး ညဉ့်နက်မှပင် ခင်ခင်ကြီး ထိုအိမ်မှ ပြန်ဖြစ်သည်။ ဦးမောင်ကလေးသည် ခင်ခင်ကြီးတို့အား ခြံဝအထိလိုက်ပို့လေသည်။

"ကဲ ... တူမကြီး ကလေးနဲ့ ပတ်သက်လို့ကတော့ စိတ်ချလက်ချသာ နေပေတော့ ဟုတ်လား။ မင်းအမြင်အတိုင်းပဲ မဟုတ်လား။ မင်းတို့အဒေါ်ဆိုရင် ကလေးကို ဘယ်လောက် ချစ်သလဲဆိုတာ အတွေ့ပဲ မဟုတ်လား။ ကလေးဟာ တို့များလက်ထဲရောက်ရတာ အင်မတန်ကံကောင်းပါတယ်ကွယ်"

သူသည် ခင်ခင်ကြီးအား နှစ်သိမ့်စကားဆိုသည်။ ခင်ခင်ကြီးသည် ဘာစကားမျှ ပြန်မပြောနိုင်ဘဲ ဦးမောင်ကလေး၏ မျက်လုံးသူငယ်အိမ်ကိုသာ စူးစိုက်ကြည့်နေသည်။ ကလေးမှာ သူပြောသလို တကယ်တမ်း ကံကောင်းလေသလား၊ ကံဆိုးလေသလား ဆိုသည်ကိုမတွေးတတ်။

အကယ်၍ ခင်ခင်ကြီးသာ ဦးမောင်ကလေး၏ မျက်ဝန်းများမှတစ်ဆင့် နှလုံးသားကို မြင်နိုင်စွမ်းရှိမည်ဆိုလျှင် ခင်ခင်ကြီးသည် ထိုညက ကလေးကိုသည်အိမ်တွင် ထားချင်မှထားဖြစ်ခဲ့လိမ့်မည်ဖြစ်သည်။ အကြောင်းမူ နှစ်သိမ့်စကားကိုဆိုနေသော ကာလမှာပင် ဦးမောင်ကလေးမှာ ပွဲစားပီပီ စိတ်တွက်တွက်လျက်ရှိသောကြောင့်တည်း။

"ခင်ခင်ကြီးတို့အမျိုးမှာ တွင်းရိုးမျိုး၊ မိန်းမမျိုးရိုးက အဆင့်ဆင့် ခံစားရသောအမျိုး။ ပထမအမွေဆက်မှာ ဒေါ်စောမင်း။ ဒေါ်စောမင်းကား အနိစ္စသဘောသို့ ရောက်ခဲ့လေပြီ။ ဒေါ်မြလေးသည် ဒုတိယအမွေဆက်။ သည်မိန်းမမှာလည်း ယွဲ့ယွဲ့မျှသာ ကျန်တော့သည်။ ဒေါ်မြလေး ပြီးလျှင် တတိယအမွေဆက်အဖြစ် ခင်ခင်ကြီး ဖြစ်လာပေလိမ့်မည်။ သည်ကောင်မကလေးမှာလည်း လှုပ်လှုပ်ခတ်ခတ်နိုင်လှသည်။ သူ့အဖေနှင့် ကြာရှည်သင့်မြတ်မည် မထင်။ ကလေးသည် စတုတ္ထအမွေဆက်ဖြစ်သည်။ အမှတ်မထင်ဘဲ တစ်နေ့ ရွှေဥတစ်လုံးဥပေးမည့် ငန်းတစ်ကောင် အိမ်ပေါ်ရောက်လာပါပကော။ အင်းမရွှေသစ်တို့ ကြီးထောင့်ကြီးမကျကာမှ စိန်နားကပ် ဝတ်ရချည်သေးရဲ့"

"ခင်ကြီးသွားတော့မယ် ဦးလေး"

ခင်ခင်ကြီးက နှုတ်ဆက်စကားဆိုလေမှ ဦးမောင်ကလေး၏ အတွေးမှာ ပြတ်ရသည်၊ ကမန်းကတန်း ခေါင်းညိတ်ပြရသည်။

ဦးမောင်ကလေး၏ ဝိုင်းအတွင်းမှ ထွက်ခဲ့ရသောအခါ ခင်ခင်ကြီးရင်မှာ ဟာနေသည်။ နုံးသည်။ လမ်းမီးတိုင်များကိုကြည့်ရင်း ငူငူငိုင်ငိုင်ကြီး လိုက်ပါလာသည်။

ရုတ်ခြည်းဆိုသလိုမှာပင် သူမသည် မောင်မောင်ဦးကို သတိရလာသည်။ မျက်စိအစုံတွင် သူ၏အရိပ် ထင်ဟပ်လာသည်။ နားမှာ သူ၏ပြောသံကို ကြားယောင်လာသည်။ သူ၏ အပြုံးအရယ်၊ အပြောအဆို၊ ဟန်ပန်လေသံများသည် စိတ်အတွေးတွင် တစ်ပတ်လည် ပေါ်ပေါက်လာသည်။

သူ မြို့မှာ မရှိတော့ဆိုခြင်းကို ခင်ခင်ကြီး တစ်စွန်းတစ်စ ကြားခဲ့ရသည်။ မိမိနှင့် မရှေးမနှောင်းဆိုသလို မြို့မှ ပျောက်ကွယ်သွားသည့်အတွက် လူတို့ အံ့အားသင့်နေရသည်ဟု သိခဲ့သည်။ မြို့မှ ထွက်ခွာသွားပြီးနောက် တစ်ကြိမ်တစ်ခါမျှမြို့သို့ပြန်မလာဟု ပြောကြရသည်။ သည်တော့လည်း မောင်မောင်ဦးသည် မိမိနှင့် ဘယ်သောအခါမျှ ပြန်လည် တွေ့ဆုံရခြင်း မရှိရလေအောင် မြို့မှအပြီးအပိုင် ထွက်ခွာသွားခြင်းဖြစ်မည်ဟု ခင်ခင်ကြီးစိတ်ထဲမှာ တွက်ချက်နေမိသည်။

သည်လူတစ်ယောက် အဘယ်ကြောင့် သည်မျှအထိ မိမိအပေါ်မှာ စိမ်းကား ရက်စက်နိုင်စွမ်း ရှိပါလိမ့်မည်ဟု ခင်ခင်ကြီး မတွေးတတ်အောင် ရှိရသည်။ စင်စစ်လူကြီးချင်း သဟဇာတ မမျှသည်မှာ လူငယ်များနှင့် ဘာများ ဆိုင်ပါသနည်း၊ ဘာများပတ်သက်ပါသနည်း။ မိန်းကလေးဘက်က သည်မျှ လိုက်လျောခဲ့ပါလျက် ယင်းလိုက်လျောမှုအပေါ် အခွင့်ကောင်းယူကာ ရက်စက်ခဲ့သည်မှာ မေတ္တာတရား ခေါင်းပါးလွန်းရာကျသည်ဟု ခင်ခင်ကြီး ထင်သည်။

မည်သို့ပင် နာကြည်းရသည်ဆိုစေ၊ မည်သို့ပင် ခံပြင်းရသည်ဆိုစေ။ သူနှင့်ပတ်သက်၍ စဉ်းစားမိလေပြီ ဆိုသောအခါ သူ့ကိုတမ်းတမိသည်ကား အမှန်။

ခင်ခင်ကြီးသည် သက်ပြင်းရှိုက်ခြင်းနှင့်အတူ အသံမထွက်စေဘဲ ရင်ထဲမှ ပြောနေမိသည်။

"ခင်ကြီးအပေါ် ဘယ်လောက် စိမ်းကားရက်စက်ချင်တယ်ပဲ ဆိုဆို၊ ခင်ကြီးကို ဘယ်လောက်ပဲ မကြည့်ချင် မမြင်ချင်ဘူးဆိုဆို၊ သမီးအပေါ်မှာတော့ ညှာတာဖို့ ကောင်းပါတယ် အစ်ကိုရယ်။ သမီးဘယ်အဖြစ်မျိုး ဖြစ်နေရတယ်ဆိုတာကိုတော့ ရှင်သိစေချင်လှပါတယ်။ ခင်ကြီးရဲ့ ဘဝကို ဖျက်ဆီးခဲ့တာထားပါ။ အပြစ်မဲ့တဲ့ သမီးရဲ့ဘဝဟာတော့ အစ်ကို့ကြောင့် မပျက်စီးသင့်ဘူးဆိုတာ အစ်ကို နားလည်စေချင်လှပါတယ်။ အစ်ကို့သမီးဟာ အစ်ကိုနဲ့တူပြီး အစ်ကို့လို လှတယ်ဆိုတာ တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် မြင်စေချင်စမ်းပါဘိ အစ်ကိုရယ်"။

x x x x x

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဦးမောင်ကလေး၏ဇနီး ဒေါ်ရွှေသစ်သည် ခင်ခင်ကြီးတို့အား ဝမ်းပန်းတသာ ကြိုဆိုသည်။ ကလေးကို အရင်ထွေးပွေ့သည်။ လသမီးမျှသာရှိသေးသော ကလေးငယ်သည် ပွေ့ချီသူ၏လက်အတွင်း အငြင်းအဆန်မရှိ လိုက်ပါသွားသည်။ သူသည် အပူအပင် အကြောင့်ကြရှိဟန် မတူ။ လူကြီးတွေ ဘာဖြစ်နေသည်ကိုမသိ။ ဆာလောင်မွတ်သိပ်ခြင်းမရှိသော ကာလတွင်ပြုံးမည်၊ ရယ်မည်။ ဆာလောင် မွတ်သိပ်သောကာလတွင် မဲ့မည်၊ ငိုမည်။ ဤသည်ကလွဲ၍ သူ့အဖို့ ဘာတစ်ခုမျှမထူးခြားဘဲရှိသည်။ သူကား အေးချမ်းလေသူပေတကား။ မည်သူက မည်မျှချစ်ပါသည်ဆိုဆို၊ မည်သူက မည်မျှစေတနာထားပါသည်ပြောပြော ခင်ခင်ကြီးအနေနှင့်ကမူ မိမိရင်သွေးကို . . ."**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပြပွဲ ပြိုင်ပွဲများ မြို့နယ်အသီးသီးတွင် ကျင်းပ


မကွေး

### မကွေး

မကွေးတိုင်းဒေသကြီးအတွင်း (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမနှင့် ခရိုင်အားကစားကွင်းတွင် ကျင်းပသည်။

မကွေးမြို့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖူဆယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ဘော်လီဘောပြိုင်ပွဲ (ကျား/မ)၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ မီတာ(၁၀၀) ပြေးခုန်ပစ်(ကျား/မ) ပြိုင်ပွဲများကို တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

### မိုင်းပျဉ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့တွင် (၇၄)နှစ်မြောက် လွပ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စကားပုံဆက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းပျဉ်းမြို့နယ်ရုံး၊ လူထုအခြေပြုဗဟိုဌာနခန်းမနှင့် ကလေးစာဖတ်ခန်းတို့တွင် ကျင်းပသည်။

အဆိုပါ စကားပုံဆက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့ကို မူလတန်းနှင့်အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများနှင့်လက်ဆောင်များအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ခင်သန္တာအောင်(ပြန်/ဆက်)**

### ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပသည်။

မြို့နယ်ပေါင်းစုံမှ အားကစားမောင်မယ်များက မီတာ (၁၀၀ x ၂၀၀ x ၄၀၀ x ၈၀၀) အပြေးပြိုင်ပွဲများ၊ အလျားခုန်ပြိုင်ပွဲ အားကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ကေကေအယ်လ်(ထားဝယ်)**

### ကန့်ဘလူ

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်( ၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းကွင်းပြင်၌ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ပူဖောင်းဖောက်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ် စသည့် အားကစားနည်းများ ကျင်းပလျက်ရှိပြီး ဆုရရှိသူများအား လွတ်လပ်ရေးနေ့ (ဇန်နဝါရီ ၄ ရက်) တွင် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီထံမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


ဖျာပုံ

### ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီက ဖျာပုံမြို့နယ် ပြည်သူ့ အားကစားကွင်းကြီးနှင့် အထက-၁ ကျောင်းတွင် ကျင်းပသည်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်တို့က အားကစားနည်း ခြောက်မျိုးဖြစ်သော ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကို ကျင်းပကြကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

### ကမမောင်း

ကရင်ပြည်နယ် ကမမောင်းမြို့တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူလတန်းအဆင့် ဆေးရောင်ခြယ်နှင့် ပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကမမောင်းမြို့ ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်ယဉ်ယဉ်အေးက ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန်နှင့် နေ့ထူးနေ့မြတ်များအကြောင်း သိရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

### ပင်လောင်း

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အလွတ်တန်း နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနရှိ ပိုက်ကျော်ခြင်းကွင်းတွင် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းမှ စတင်ပြုလုပ်သည်။

ပြိုင်ပွဲသို့ ပင်လောင်းမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခြင်းလုံးအားကစားကို စိတ်ပါဝင်စားသည့်လူငယ်လူရွယ်များ ပါဝင်သည့်အသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ထွန်းလင်း(ပင်လောင်း)**

### ပေါက်ခေါင်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အထက (ပေါက်ခေါင်း)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ဆေးရောင်ခြယ်ပြိုင်ပွဲ အပြီးတွင် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲအဖြစ် ပူဖောင်းဖောက်ပြိုင်ပွဲနှင့် သားရေကွင်းစွပ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြရာ ယှဉ်ပြိုင်ကစားကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အမှတ်တရပစ္စည်းများ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိ လေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဘဝတွက်တာအရေးပါ ကဗျာသံပေါက်များ

စာရေးသူနေမင်းသန်း(မဲခေါင်စာပေဆုရ) ပြုစုရေးသားသည့် ဘဝတွက်တာ အရေးပါ ကဗျာသံပေါက်များ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

လက်ရွေးစင်ကဗျာများထဲမှ ကောင်းနိုးရာရာကဗျာများကို ရွေးချယ်စုစည်း၍ ဘဝတွက်တာအရေးပါ ကဗျာသံပေါက်များအဖြစ် တူညီရာနီးစပ်ရာအကြောင်းအရာနှင့် အဓိပ္ပာယ်တို့ကို စုစည်း၍ ကဏ္ဍကြီး ၄ ရပ်ခွဲခြား ရေးသားထားသည်။

ကဗျာများတွင် တရား၊ ဓမ္မအဆုံးအမများ၊ ဘာသာရေးလမ်းညွှန်ချက်များ၊ မိဘဆရာ မေတ္တာဖွဲ့၊ လူ့ဘဝပတ်ဝန်းကျင်ဆိုင်ရာများ၊ လောကနီတိဆုံးမစာ၊ ရိုးရာစကားပုံများ၊ ရှေးခေတ်နှင့် မျက်မှောက်ခေတ်ပညာရှင်များ၊ ထင်ရှားသည့် ပုဂ္ဂိုလ်နှင့် ခေါင်းဆောင်တို့၏ အဆိုအမိန့်များ၊ လူ့လောကနယ်ပယ်တွင် ပါဝင်ရုန်းကန်နေရသူများအတွက် ဆောင်ရန် ရှောင်ရန် နည်းလမ်းမှန်သည့်အချက်များကို ရေးဖွဲ့ထားသည့်အပြင် ကျယ်ပြန့်သော ဗဟုသုတ၊ ထက်မြက်သော အသိဉာဏ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ ရရှိနိုင်ရန် စုစည်းရေးသားထားသည်။

စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ ဖုန်း-၀၉-၂၂၂၈၂၄၇၊ အမှတ်(၁၂)၊ လမ်း(၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




## ကိုယ်စိတ်ကျန်းမာသင့်ခန္ဓာ

စာရေးသူ ဒေါက်တာတင်ထွန်းဦး ပြုစုရေးသားသော ကိုယ်စိတ်ကျန်းမာသင့်ခန္ဓာ ကျန်းမာရေးစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် စိတ်ကျန်းမာရေးအတွက်သာမက ကိုယ်ကျန်းမာရေးနှင့် သက်ဆိုင်သည်များကိုလည်း ပြုစုရေးသားထားပြီး စိတ်ကျန်းမာရေးကဏ္ဍတွင် လက်တွေ့အကျိုးပြုမည့် သိပ္ပံနည်းကျ ခေတ်မီအချက်အလက်များကို စနစ်တကျ စုစည်းရေးသားထားသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက်မြတ်၏ဆိုသော စကားအတိုင်း ရောဂါဖြစ်မှ နည်းမျိုးစုံဖြင့် ကုသနေရမည့်အစား ကိုယ်စိတ်နှစ်ဖြာကျန်းမာအသက်ရှည်ရေးတို့အတွက် စိတ်ရောကိုယ်ပါ ကြိုတင်ကာကွယ်ပြုပြင်ဆင်ခြင်နေထိုင်ကြရမည့် နည်းလမ်းကောင်းများကို စုစည်းရေးသားထားသည့်အပြင် စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာနုပျိုစွာ အသက်ရှည်ရေးတို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်စေရန် ပြုစုရေးသားထားသည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၀၁-၃၈၅၂၉၃၊ ပထမထပ်၊ စင်ထရယ်တာဝါ၊ အနော်ရထာလမ်း၊ ၃၉ လမ်းထောင့်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။

# မိုးလေဝသကောင်းမွန်ရေး လူတိုင်းဖော်ဆောင်ပေး

**ကိုဝင်းမော် (စိုက်ပျိုးရေး)**

ကမ္ဘာသူ ကမ္ဘာသားအားလုံး အသက်ရှည်ရှည် ကျန်းကျန်းမာမာဖြင့် အလုပ်လုပ်ကိုင် နေထိုင်ရေးအတွက် ကောင်းမွန်သောရာသီဥတု ရရှိရန် အထူးလိုအပ်လှပေ၏။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တောင်သူလယ်သမား၊ ခြံသမား၊ ယာသမားများအတွက် ပို၍လိုပေ၏။ ရာသီဥတု ကောင်း၊ မိုးလေဝသမှန်ပါမှ စားနပ်ရိက္ခာထုတ်လုပ် ရာ၌ အဆင်ပြေမည်ဖြစ်သည်။ မမျှတသောရာသီ နှင့် ပုံမှန်မဟုတ်သောမိုးလေဝသကို ဖြစ်ပေါ် ခြင်းသည် စားနပ်ရိက္ခာထွက်ရှိမှုကျဆင်းပြီး အစာ အာဟာရ ဘေးကင်းလုံခြုံမှုကို ထိခိုက်စေသည်။ အလုပ်အကိုင်ပျက်ယွင်းမှုများလည်း ဖြစ်ပေါ် စေနိုင်သည်။

**နာဆာအဖွဲ့မှပညာရှင်များ လေ့လာထားမှု**

ကမ္ဘာ့မိုးလေဝသဆိုရာ၌ လူတို့ကြောင့် မှားယွင်းသည့် သဘာဝအခြေအနေများအပေါ် အခြေပြု၍ ရာသီဥတုပြောင်းလဲတတ်ပေ၏။ "ဥတု ရာသီ တောကိုမှီ၏" ဆိုစကားအရ တောတောင် မရှိလျှင် ဥတုရာသီမမှန်နိုင်။ နေရှိ၍ အလင်းရောင်ရ၏။ နေသည် ကမ္ဘာကိုလှည့်ပတ်၏။ နေသည် ကမ္ဘာ့မြောက်ခြမ်းနှင့် တောင်ခြမ်း ရှိချိန်ကွာခြားမှုကြောင့် အလင်း၊ အပူရရှိချိန် ပြောင်းလဲတတ်ပေရာ နာဆာအဖွဲ့မှ ပညာရှင်များ လေ့လာထားမှုကြောင့် နေ၊ ကမ္ဘာ၊ ဂြိုဟ်တို့၏ အနေအထားကိုမူတည်ကာ ရာသီဥတုအခြေအနေဖြစ်စေသော မိုးလေဝသ၊ ဇလဗေဒပညာရပ်များကို သုတေသီတို့က ခန့်မှန်း တွက်ချက်နိုင်ခဲ့၏။ မိမိတို့ သာမန်ပြည်သူများမှာ မိုးလေဝသပညာရှင်၊ နက္ခတ္တဗေဒပညာရှင်၊ အာကာသသိပ္ပံပညာရှင်တို့၏ မှတ်တမ်း၊ စာပေ များကို ဖတ်ရှုလေ့လာမှသာ သိကြရပေ၏။ ကမ္ဘာ့ ရာသီဥတုအခြေအနေ ဗဟုသုတလေ့လာပြီး သက်ဆိုင်ရာနိုင်ငံ မိုးလေဝသဌာနများ၏ သတင်း ကြေညာချက်အရ သိကြရ၏။ Agrimeteorology ဆိုသော စိုက်ပျိုးရေးမိုးလေဝသဘာသာရပ်ကို လည်း အထူးလေ့လာဆည်းပူးကြရမည်ဖြစ်၏။



မိမိတို့ မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်း ဒေသနှင့်နီးစပ်သော နိုင်ငံများ၌ ပစိဖိတ်သမုဒ္ဒရာ တွင် ပုံမှန်ထက်ပို၍ အပူချိန်မြင့်မားက စပိန်ဘာသာ ဖြင့် ရေပူစီးကြောင်းဟုခေါ်သည့် အယ်လ်နီညို ဖြစ်စဉ်ကို ကြုံရပြီး မြစ်ချောင်းရေနည်းမှု၊ သောက်သုံးရေရှားခြင်း၊ မိုးရွာသွန်းမှုနည်းခြင်းတို့ ဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်စေသည်။ ကုန်ထုတ်လုပ်မှုလျော့ကျပြီး နိုင်ငံစီးပွားကျဆင်း ကာ ဝင်ငွေထိခိုက်ရပေ၏။

**အသက်ရှင်သန်မှုနှုန်း ပြောင်းစေနိုင်**

အိုဇုန်းလွှာပျက်စီးခြင်း ဖြစ်ပေါ်မှုရှိပါက အနံ့ရှိ၊ အပြာဖျော့ရောင်အဆိပ်ငွေ့ထွက်ပေါ်ကာ ကမ္ဘာ မြေသို့ ခရမ်းလွန်ရောင်ခြည် ကျရောက်စေနိုင်သည်။ ယင်းကိုကာကွယ်ရန် ကျန်းမာရေးဌာနများက သတိပေးချက်များ ထုတ်ပြန်ပေးကြ၏။ "ကမ္ဘာ့ အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ချီတက်စို့"ဟူသော ဆောင်ပုဒ်ဖြင့်လည်း ကာကွယ်ကြစေသည်ကို ဖတ်ရှုရပေ၏။ ကမ္ဘာမြေပေါ် တွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် လူပေါင်း သိန်းချီ၍ နှစ်တစ်နှစ်အတွင်း အသက်ရှင်သန်မှုနှုန်း ပြောင်းစေနိုင်သည်ဟု သိရ၏။ လူတို့သုံးစွဲသော ကလိုရင်းနှင့် ဘရိုမင်းပါသည့် လူသုံးကုန်ပစ္စည်း များကို လျှော့ချသုံးစွဲကာ ဓာတုပစ္စည်းသုံးမှု ထိန်းချုပ် နိုင်လျှင် အိုဇုန်းလွှာပျက်စီးမည့်အခြေအနေကို ထိန်းသိမ်းပြီး ရာသီဥတုကောင်းမွန်စေမည် ဖြစ်သည်။

World Meteorological Organization (WMO)မှ မိုးလေဝသဆိုင်ရာ Conventions & Protocol များ၊ အစည်းအဝေးများ ကျင်းပဆောင်ရွက် သည်ကိုသိရ၏။ မြန်မာနိုင်ငံတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မုန်တိုင်းသတင်း၊ မိုးလေဝသသတင်းနှင့် သဘာဝဘေး ကြိုတင် ကာကွယ်ရေးကို ဖေ့စ်ဘွတ်၊ အက်ဖ်အမ်ရေဒီယို၊ ရုပ်မြင်သံကြားတို့က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ပေးပြီး သတင်းစာများတွင်လည်း ကြော်ငြာပေး လျက်ရှိပေသည်။ ပြည်သူအများ အမြဲသတိရှိပါက ကြိုတင်စီစဉ်ပြုလုပ်နိုင်ကြကာ အပျက်အစီး ဆုံးရှုံး ထိခိုက်မှုနည်းနိုင်ပေမည်။ ကမ္ဘာ့နိုင်ငံများ၏ ကမ္ဘာမြေ လေ့လာရေး၊ မုန်တိုင်း၊ မိုးတိမ်တောင်သိပ်သည်းမှု၊ မြစ်ရေကြီးခြင်းအစရှိသည်တို့ကို မိုးလေဝသ စောင့်ကြည့်ရေး ရေဒါတို့မှ မှတ်တမ်းဓာတ်ပုံများဖြင့် ဆောင်ရွက်နေသည်ကို သိရ၏။ မြေလျှောင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ သစ်တောဆိုင်ရာ စီမံခန့်ခွဲခြင်းများ၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း အခြေ အနေအရပ်ရပ်ကို စောင့်ကြည့်ရေးအတွက် ဂြိုဟ်တု လွှတ်တင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပေသည်။ ယနေ့မျက်မှောက်ခေတ်တွင် ခေတ်မီကမ္ဘာ၊ ဖွံ့ဖြိုး တိုးတက်သောနိုင်ငံဖြစ်ရန် စက်မှုလုပ်ငန်း လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မှုကြောင့် ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်နေရာ ယင်းကိုလျှော့ချနိုင်မှသာ လေထု သန့်စင်မှုနှုန်း မြင့်မားလာမည်ဖြစ်၏။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးမှုမှ လေထု အပူချိန် 1.5 ဒီဂရီဆဲလ်စီးရပ်အထိ ထိန်းသိမ်း ထားနိုင်ရန်လိုကြောင်းကို ယခင်နှစ်များက ဖတ်ရှု ခဲ့ရ၏။

**လူနှင့်သတ္တဝါတို့ရှင်သန်မှုကိုပါထိခိုက်**

ဖန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာ့နိုင်ငံများ ထိခိုက်ကြရာ အမေရိကန်နှင့် တရုတ်တို့တွင် အဖြစ် အများဆုံးဖြစ်သည်ဟုဆို၏။ မိမိတို့ကမ္ဘာသူကမ္ဘာသား များ လုပ်ဆောင်နိုင်သည့် အစိမ်းရောင်အမွေအနှစ် ဖြစ်သော သစ်ပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်း၊ အစုအဖွဲ့သစ်တောထူထောင်ခြင်းနှင့် မိုးသစ်တော များပြုစုကာ ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချမှု လုပ်ကြရပေမည်။ ဝန်ရိုးစွန်းဒေသတွင် ရှားပါး ပိုလာဝက်ဝံမျိုးစိတ်များ သားပေါက်နှုန်းကျဆင်း ရခြင်းသည် အပူချိန်မြင့်မားမှုကြောင့်သည်လည်း တစ်ချက် ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း ကြောင့် လူနှင့် သတ္တဝါတို့ ရှင်သန်မှုကိုပါ ထိခိုက် လာပေမည်။ သို့ဖြစ်၍ ရာသီဥတု သမမျှတပြီး ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်ကို ကမ္ဘာ့နှင်းထုပ်၊ ရေခဲထု ဖုံးလွှမ်းရာဒေသဖြစ်စဉ်များနှင့် ဆက်စပ်လျှော့ချ လာနိုင်ကာ ကာကွယ်နိုင်မည်ဟု ထင်မြင်မိပါသည်။

လူသားများနှင့် သတ္တဝါများ ရေရှည်ရှင်သန် ရေးနှင့် မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက် ကြရာ၌ ဘေးဒုက္ခနည်းနိုင်သမျှနည်းစေရန် နေ၊ ကမ္ဘာ၊ မိုးလေဝသနှင့် အခြားဆက်စပ်မှုရှိနေသော ဖြစ်စဉ်၊ ဖြစ်ရပ်များကို အစဉ်စောင့်ကြည့် လေ့လာကြရပေမည်။ မြန်မာနိုင်ငံတွင်လည်း နာဂစ်မုန်တိုင်း၏ ဆိုးကျိုးဒဏ်ကို ပြည်သူအများ ခံစားခဲ့ကြရပြီးဖြစ်ရာ နောင်အခါ ဤသို့မဖြစ် လာစေရန် ကမ္ဘာ့မိုးလေဝသအဖွဲ့များ၊ နိုင်ငံတကာ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များ၏ သတင်းထုတ်ပြန်ချက်များကို အစဉ် စောင့်ကြည့်လေ့လာပြီး ရေကြီးရေလျှံခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း စသည်တို့ကို မျက်ခြည်မပြတ်သတင်းယူပြီး ပြည်သူသို့ အစဉ်မပြတ်သတင်းထုတ်ပြန်ပေးရ ပါမည်။ ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းကို လုပ်ဆောင်ကြရမည်မှာ ကျွန်ုပ်တို့လူသားများ၏ တာဝန်ပင်ဖြစ်ပေ၏။

**လာနီညာဆိုသည့် အအေးလှိုင်းဖြတ်ခြင်း**

လူသားထုတစ်ရပ်လုံးသည် မိမိနေထိုင်ရာ ဒေသ၊ ပတ်ဝန်းကျင်၊ ပထဝီအနေအထားအရ ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ထားရှိသာ ရှိပေတော့၏။ အပူချိန်လျော့နည်းပြီး လာနီညာ ဆိုသည့် အအေးလှိုင်းဖြတ်ခြင်းလည်း ကြုံတွေ့ ခဲ့လျှင် ကာကွယ်ရန် လုပ်နိုင်သလောက် ကြိုတင်၍ ပြင်ဆင်ထားကြရပေမည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်ကို ဇာတ်တိုက် လေ့ကျင့်ထားခြင်းသည်သာ ကျွန်ုပ်တို့ ပြည်သူ ပြည်သားများ လုပ်ဆောင်နိုင်သည့်အရာပင် ဖြစ်ပေမည်။

ကမ္ဘာမြေပေါ်၌ ရှင်သန်စဉ်ခဏ "အဖြစ်ရှိလျှင် အပျက်ရှိသည်" ဆိုသောတရားကို နှလုံးသွင်း ဆင်ခြင်ရင်း ကောင်းကျိုး၊ ဆိုးကျိုးနှစ်တန်အနက် မှ ကောင်းကျိုးများစွာရရှိရန် မိမိတို့ လေ့လာသိရှိ ထားသော မိုးလေဝသနှင့် ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာပညာရပ်များကို မျှဝေဖလှယ်ပေးလျက် နေထိုင်သွားကြရပေမည်။ မိုးလေဝသပညာရှင်များ၊ အာကာသသိပ္ပံပညာရှင်များ၊ ရာသီဥတုခန့်မှန်း တွက်ချက်သည့်ပညာရှင်များနှင့် အခြားဆက်စပ် ဘာသာရပ်ပညာရှင်တို့နှင့်အတူ ပူးပေါင်းပါဝင် လက်တွဲကာ ဆောင်ရွက်ကြပါစို့။ ဤသို့ဆိုလျှင်ဖြင့် ကမ္ဘာ့ရာသီဥတုကောင်းမွန်ရေး၊ မိုးလေဝသမှန်စေ ရေး တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆောင်ရွက်နိုင်ကြပြီး မြန်မာနိုင်ငံ၏ ရာသီဥတုကောင်းမွန်ရေးနှင့် မိုးလေဝသမှန်စေရေးတို့ကို ပိုမို၍ရှက်ဆောင် လာနိုင်ကြပေမည်ဟု ထင်မြင်ယူဆကာ မျှဝေလိုက် ရပါသည်။ ။

**"လူသားများနှင့် သတ္တဝါများ ရေရှည်ရှင်သန်ရေးနှင့် မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက်ကြရာ၌ ဘေးဒုက္ခနည်းနိုင်သမျှနည်းစေရန် နေ၊ ကမ္ဘာ၊ မိုးလေဝသနှင့် အခြားဆက်စပ်မှုရှိနေသော ဖြစ်စဉ်၊ ဖြစ်ရပ်များကို အစဉ်စောင့်ကြည့်လေ့လာကြရပေမည်။ မြန်မာနိုင်ငံတွင်လည်း နာဂစ်မုန်တိုင်း၏ ဆိုးကျိုးဒဏ်ကို ပြည်သူအများ ခံစားခဲ့ကြရပြီးဖြစ်ရာ နောင်အခါ ဤသို့မဖြစ်လာစေရန် ကမ္ဘာ့မိုးလေဝသအဖွဲ့များ၊ နိုင်ငံတကာသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၏ သတင်းထုတ်ပြန်ချက်များကို အစဉ်စောင့်ကြည့်လေ့လာပြီး ရေကြီးရေလျှံခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်းစသည်တို့ကို မျက်ခြည်မပြတ်သတင်းယူပြီး ပြည်သူသို့ အစဉ်မပြတ် သတင်းထုတ်ပြန်ပေးရပါမည်။ ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းကို လုပ်ဆောင်ကြရမည်မှာ ကျွန်ုပ်တို့လူသားများ၏ တာဝန်ပင်ဖြစ်"**



# မင်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေး

**အထက်မင်းလှ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ် ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မင်းလှမြို့နယ်အတွင်းရှိ သတ်မှတ်ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက ဆေးထိုးနှံပေးလျက်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံရာတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မင်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm စတုတ္ထအသုတ် ဒုတိယအကြိမ်ထိုးနှံရန် လူဦးရေ ၈၉၄၅ ဦး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac စတုတ္ထအသုတ် ဒုတိယအကြိမ်ထိုးနှံရန် လူဦးရေ ၆၈၄၂ ဦးရှိရာ ယမန်နေ့အထိ ဆေးထိုးစုရပ်များ၌ Sinopharm ကာကွယ်ဆေးထိုးနှံပြီးသူ ၆၉၂၀၊ Sinovac ကာကွယ်ဆေးထိုးနှံပြီးသူ ၆၁၈၆ ဦးရှိပြီး ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသူများအား သက်ဆိုင်ရာ သတ်မှတ်ဆေးထိုးစုရပ်များတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# မြင်းမူမြို့နယ်၌ ဒေသခံရဟန်းရှင်ပြည်သူ ၄၆၁၀၂ ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီး

**မြင်းမူ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဒီဇင်ဘာ ၃၁ ရက်ထိ သာသနာ့အနွယ်ဝင် ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ အသက် ၁၂ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၄၆၁၀၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံသာသနာ့အနွယ်ဝင်များ၊ ပြည်သူများအပါအဝင် စုစုပေါင်း ၉၉၀၅၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် လျာထားဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်ထိ ၂၀၅၇၉ ဦးကို ပထမအကြိမ် ကာကွယ်ဆေးနှင့် ဒုတိယအကြိမ်အဖြစ် ၁၇၅၂၃ ဦးကို ထိုးခဲ့ပြီးဖြစ်ရာ ယခုအချိန်ထိ မြင်းမူမြို့နယ်အနေဖြင့် စုစုပေါင်း ဒေသခံရဟန်းရှင် ပြည်သူ၊ ကျောင်းသား ကျောင်းသူပေါင်း ၄၆၁၀၂ ဦး ထိုးနှံပြီးစီးပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေးလုံးဝမထိုးနှံရသေးသူများအား မြို့နယ်ပြည်သူ့အားကစားရုံ (မိုးလုံလေလုံ) အားကစားခန်းမတစ်နေရာတည်းတွင်သာ နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



# မတ္တရာမြို့နယ်၌ ပြည်သူ ၈၆၈၄၆ ဦးအား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီး

**မတ္တရာ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၁၈ နှစ်ပြည့်ပြီး ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဇန်နဝါရီ ၂ ရက်က မြို့နယ်အားကစားရုံ၊ ကျေးရွာဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးစီး၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဇန်နဝါရီ ၂ ရက်အထိ ၈၆၈၄၆ ဦးအား ပထမအကြိမ်နှင့် ၅၃၄၄၀ အား ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပြီး ဆေးထိုးရန်ကျန်ရှိနေသူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**




## ❒ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၌ ထားရှိသောဆေးများကို ပုသိမ်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၀၉၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၆၅၀၀၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၃၀၉၁၀၊ ရန်ကုန်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၇၈၉ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၅၉၀၇၆ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၃၅၅၄၆ လုံး၊ နေပြည်တော်ကောင်စီနယ်မြေသို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၂၆၄ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၂၇၅၆ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၂၉၃၇ လုံး၊ တောင်ကြီးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေးအလုံး ၃၀၀၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၁၀၀၀၈ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၁၃၆၃၇ လုံး၊ ဘားအံမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၃၇ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၉၇၃၇ လုံး၊ မော်လမြိုင်သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၃၀၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၄၀၀၀၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၄၅၄၆ လုံး၊ ပဲခူးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၀၁၅ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၉၅၉၂၈ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၁၃၉၁၀၊ ပြည်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၀၁၅ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၅၄၀၇၂ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၉၂၇၃ လုံး၊ မကွေးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၈၉၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၁၁၉၂၅ လုံး၊ ဆေးတစ်လုံးလျှင် ၁၁ ယောက်ထိုးနိုင်သော Covishield ဆေး ၉၀၉၁ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်သစ်ကူးရုံးပိတ်ရက် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကား



**မုဒုံ ဇန်နဝါရီ ၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ယခုတစ်ပတ်နှစ်သစ်ကူးရုံးပိတ်ရက်များ၌ နှစ်ဦးကုသိုလ်ပြုဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူးရုံးပိတ်ရက်၌ မြို့နယ်အတွင်းရှိ အထင်ကရ ဘုရားစေတီပုထိုးများဖြစ်သည့်သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော်၊ ဆံတော်ရှင်ကန်ကလေးစေတီတော်၊ ကမာဝက်မြို့ဓာတ်တော်ကျောင်း၊ ဘင်လှိုင်စေတီတော်၊ အတောင်(၄၀၀)ပြည့် လျောင်းတော်မူဘုရားကြီးနှင့် ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီးများတွင် နေ့ချင်းပြန်လာရောက်ဖူးမြော်ကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ၊ နှစ်ဦးကုသိုလ်ယူကြသူများ၊ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ကြသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ကြသူများ၊ ငါးစာကျွေးကုသိုလ်ပြုကြသူများနှင့် အမှတ်တရပစ္စည်းရောင်း ဈေးဆိုင်များတွင် အပန်းဖြေသူများနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ကြသူများဖြင့် စည်ကားခဲ့ပြီး အစိုးရရုံးပိတ်ရက်များအပြင် နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များကိုလည်း တိုက်တွန်းနှိုးဆော်ထားကြောင်း ဘုရားဂေါပကအဖွဲ့ဝင်များမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# နှစ်သစ်ကူးရုံးပိတ်ရက်ကာလ ကျိုက္ခမီရေလယ်ဆံတော်ရှင်စေတီတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သံဖြူဇရပ် ဇန်နဝါရီ ၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျက်သရေဆောင် ကျိုက္ခမီရေလယ်ဆံတော်ရှင်စေတီတော်တွင် နှစ်သစ်ကူးပိတ်ရက်ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ဘုရားဖူး လာရောက်ကြသည့် ပြည်သူများ အေးချမ်းစွာ ဘုရားဖူးကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

**စိတ်အေးချမ်းသာယာ**

တန်ခိုးကြီး ဘုရားဖြစ်သည့် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာယာစွာဖြင့် ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘုရားဝတ်ပြုဆုတောင်းသူများနှင့် ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်မြို့တွင် နှစ်သစ်ကူးရုံးပိတ်ရက် ဘုရား၊ စေတီများနှင့် ညဈေးတန်းတို့၌ ပြည်သူများဖြင့် စည်ကားလျက်ရှိ

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တန်ခိုးကြီး ဘုရား၊ ပုထိုးစေတီများ၌ နှစ်သစ်ကူးကာလ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ပိတ်ရက်များအတွင်း ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများစွာ လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိသကဲ့သို့ ညပိုင်းတွင်လည်း ကမ်းနားလမ်းတစ်လျှောက် ဈေးဆိုင်တန်းတွင် ပြည်သူများစည်ကားလျက်ရှိသည်။

မော်လမြိုင်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုနှုန်း သိသာစွာ လျော့နည်းကျဆင်းမှုရှိသော်လည်း ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်–၁၉ ကာလ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန်တန်ခိုးကြီး ဘုရား၊ ပုထိုးစေတီများတွင် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပေးထားပြီးဖြစ်ကာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုဆောင်ရွက်မှုများရှိသကဲ့သို့ စိတ်လက်အပန်းဖြေစရာ မြို့တွင်းကမ်းနားလမ်းတစ်လျှောက် ညဈေးဆိုင်တန်းများတွင်လည်း ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# သံဖြူဇရပ်မြို့ စက်စဲကမ်းခြေတွင် နှစ်သစ်ကူးပိတ်ရက် အပန်းဖြေအနားယူသူများ စည်ကားလျက်ရှိ

**သံဖြူဇရပ် ဇန်နဝါရီ ၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ စက်စဲကမ်းခြေ၌ နှစ်သစ်ကူးပိတ်ရက်ဖြစ်သည့် ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ ကမ်းခြေလာရောက်ကြသည့် ပြည်သူများ အေးချမ်းစွာ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

သံဖြူဇရပ်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးထားပြီးရပ်နီး၊ ရပ်ဝေးမှ စက်စဲကမ်းခြေသို့ လာရောက်အပန်းဖြေသူများ ကမ်းခြေတွင် စက်ဘီးစီး၊ မြင်းစီး၊ ဆိုင်ကယ်အပျော်စီးသူများ၊ ရေကစားကြသူများနှင့် စားစရာမုန့်ဆိုင်တန်းများ၊ ကလေးကစားစရာ၊ အဝတ်အထည်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်တန်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပ




**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာကျောင်းအဆင့် အားကစားပြိုင်ပွဲနှင့် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ အားကစားယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန္ဒဝန်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ကျောင်းတွင် ကျင်းပသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပနေမှုအား ကြည့်ရှုအားပေးပြီး မီတာ ၈၀၀ ကျား၊ မ အပြေးပြိုင်ပွဲများတွင် ဆုများရရှိကြသော အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က မီတာ ၁၀၀ ကျား/မ၊ မီတာ ၂၀၀ ကျား/မ၊ မီတာ ၄၀၀ ကျား/မနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် မီတာ ၅၀ ကျား/မ အပြေးပြိုင်ပွဲ၊ မီတာ ၅၀ ကျား/မ အာလူးကောက်ပြိုင်ပွဲ၊ မီတာ ၅၀ ကျား/မ အိတ်စွပ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်ပြီး ယနေ့နံနက် ၈ နာရီမှ စတင်ကျင်းပလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို မြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများတွင် အသင်း ၁၁ သင်းဖြင့် ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစားကြောင်းသိရသည်။ တနိုင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက လူငယ်များ လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ အားကစားစိတ်ဓာတ်ကိုအရင်းခံ၍ အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်းလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံသားကောင်းများဖြစ်သော အရည်အသွေးကောင်းများရရှိလာစေရန်နှင့် လွတ်လပ်ရေးနေ့အနှစ်သာရဖြစ်သော ပျော်ရွှင်မှုကိုခံစားရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

တနိုင်းမြို့နယ်တွင် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ အဖွဲ့ဝင် ဗိုလ်မှူးတေဇာအောင်၊ ရပ်မိရပ်ဖ ဦးဇော်လွမ်းတူးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**

**စစ်တွေ**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့၌ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဓညဝတီအားကစားခန်းမ၌ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ၊ ဝေသာလီအားကစားကွင်း၌ မီတာ ၁၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ လွန်ဆွဲပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိပြီး ဝေသာလီဖူဆယ်အားကစားကွင်း၌ ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားခန်းမများ၊ အားကစားကွင်းများ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်ထိ နံနက် ၈ နာရီမှ စတင်ကာယှဉ်ပြိုင်ကျင်းပလျက်ရှိပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့်အသင်းများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများပေးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပဟေဠိဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။ စာစီစာကုံးပြိုင်ပွဲနှင့် ပဟေဠိဉာဏ်စမ်းပြိုင်ပွဲများတွင် ဆုရရှိသူများကို လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ အေးချမ်းပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားနိုင်ရန်အတွက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းတွင် စတင်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် အားကစားပြိုင်ပွဲများတွင် ဖူဆယ်ကစားနည်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ အပါအဝင် အားကစားနည်း ၂၅ မျိုးကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဝါဝါလှိုင်(ပြန်/ဆက်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အီကူး(ခ)ဒေါ်အေးမူ

## အသက်(၁၀၂)နှစ်

ဦးမောင်မောင်ဦး - ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပိုင်ရှင် (ဥက္ကဋ္ဌ၊ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း)၏ မိခင်သည် ၂၈-၁၂-၂၀၂၁ ရက် နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဦးတင့်လွင် (ဒုတိယညွှန်ကြားရေးမှူး)- ဒေါ်တင်တင်ဝင်း (ခရိုင်ထွေအုပ်-တာချီလိတ်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## Saw Benjamin ဦးလွမ်းဆွေ

## လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန

## အသက်(၈၈)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်ဆွေ၏ဖခင် Saw Benjamin ဦးလွမ်းဆွေ (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန) အသက်(၈၈)နှစ်သည် ၂-၁-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၂:၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-က/၅၃၊ မြို့သစ်(၁)လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ တစ်ခန်းလျှင် (၁၂x၄၈)ပေအကျယ်အဝန်းရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ (တတိယထပ်)၄-လွှာ၊ (ခြေရင်းခြမ်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သည့် ဦးသန်းတင် [၁၂/ဥကတ(နိုင်)၀၄၂၀၁၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခေမာ(၅)လမ်း၊ အမှတ်(၈၃-ခ)ခြေရင်းခြမ်း၊ အလျားပေ(၂၀)၊ အနံပေ (၆၀) မြေနှင့်အိမ်အား ဦးတင်မောင်လှိုင်သည် ၎င်းပိုင်ဆိုင်ပြီး ပါမစ်မူရင်းပျောက်ဆုံးနေကြောင်း မွတ်ဟကြေညာလျက် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေသည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ဆက်လက်ပြုလုပ်တော့မည်ဖြစ်ရာ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ခြင်းနှင့် ပါမစ်ပျောက်လျှောက်ခြင်းများ ပြုလုပ်တော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း(LL.B,D.B.L,WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၆)**
**အမှတ်(၆)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၃၂၇၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃) ရပ်ကွက်၊ သာသနာ့မဏ္ဍိုင်လမ်း၊ ဦးပိုင်အမှတ်-ခ/၂၅/၁၀၈၊ မြေကွက်အမှတ်-၀/၂၀၆ဟုခေါ်တွင်သော အလျားပေ ၆၀x အနံ ပေ ၄၀ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးချစ်ဆောင် အမည်ပေါက်ဖြင့်ပိုင်ဆိုင်ပြီး ဦးချစ်ဆောင်ထံမှ ဦးမြစိုးက အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးမြစိုးနှင့်ဇနီး ကွယ်လွန်၍ ၎င်း၏သားသမီးများမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၆၆)**
**အမှတ်-၁၂၃၉၊ တိုက်-B၊ ပထမထပ်၊ အောင်သုခ(၂၅)လမ်း၊ (၆)အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၉၁၇၃၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အမှတ်(၃၉၈) မြေပေါ်ရှိ ပေ(၂၀x၆၀) ဦးဘဆွေ အမည်ပေါက်မြေနှင့် ၎င်းမြေပေါ်ရှိ ရေမီးသွယ်တန်းထားသော တစ်ထပ်တိုက်အား ဦးလှဌေးဝင်းထံမှ ဝယ်ယူရာတွင် ဒေါ်မဥ္ဇူမြင့်က စရန်ငွေအချို့ ပေးချေပြီးဖြစ်သည်။ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ တစ်လအတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက အပြီးသတ်ငွေချေ၍ ရောင်း/ဝယ်စာချုပ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်မဥ္ဇူမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေနွယ်ဝင်း (ဥပဒေဘွဲ့) စဉ်-၈၁၄၆ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၅၃၂၊ စေတနာလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၅၅၈၅၇**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဆရာ ဦးလှတိုး

## လ/ထ ကထိက(ငြိမ်း)

## ရူပဗေဒဌာန

## ရန်ကုန်တက္ကသိုလ်(ပင်မ) (၁၉၈၆-၁၉၉၆)

## စစ်တက္ကသိုလ်၊ မေမြို့ (၁၉၆၃-၁၉၈၆)

## အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးအာကာသန်း-ဒေါ်သိန်းခင်)တို့၏ သားကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးထွန်းဖေ-ဒေါ်အေးကြည်)တို့၏ သားသမက်၊ တိုက်အမှတ်-၇၈၄၊ အခန်း-၃၀၂၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်အုန်းမြ (စက်မှု/စားကုန်-ငြိမ်း)၏ ခင်ပွန်း၊ ဦးကြည်ဖြူ(GM-City Press Pile Co.,Ltd)-ဒေါ်ခင်မာသက်(တိုင်းဦးစီး၊ အလုပ်သမားဝန်ကြီးဌာန)၊ ဦးအောင်ထက်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)-ဒေါ်သင်းသင်းနီ၊ ဦးညီညီထွန်း-ဒေါ်နိုင်နိုင်ဦးတို့၏ ဖခင် ၊ မြေး ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၁-၂၀၂၂ ရက် နံနက် ၇:၅၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊

## တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြည် (ရန်ကုန်)

## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်မွန်းခြံလမ်း၊ အမှတ်(၇၃)နေ (ဦးအောင်ဖြိုး - ဒေါ်တင်) တို့၏သမီး၊ ဦးစန်းငွေ၏ဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၃၁-၁၂-၂၀၂၁ (သောကြာနေ့) ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၁၃၂၊ ဧရိယာ(၀.၀၅၆)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၃၂)၊ မြေတိုင်းလမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးတင်ရွှေ(ဘ) ဦးဘို (AB-၀၇၂၀၉၂) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၇-၁-၂၀၀၈) ရက်စွဲပါ " အိမ်ခြံမြေအရောင်းအဝယ်စာချုပ်"အရ ဒေါ်လှကေသီ [၁၂/သဃက(နိုင်) ၀၀၃၃၂၈]နှင့် ဒေါ်ချိုချိုလွင်[၁၂/သဃက(နိုင်)၀၁၁၅၃၈]တို့မှ ပူးတွဲဝယ်ယူခဲ့ပြီး မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ် (၁၄၆) ဟုခေါ်တွင်သော မြေပေါ်၌ ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ၊ (၅)ထပ်တိုက်၊ (၃)လွှာ၊ ဒုတိယထပ်၊ အကျယ်(၂၅'x၄၀')ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၃-၂-၂၀၁၈)ရက်စွဲပါ " အခန်းဝေယူစနစ်ဖြင့် (၃)ခန်းတွဲ (၅)ထပ်တိုက်တစ်လုံးဆောက်လုပ်ရန်အတွက် နှစ်ဖက်သဘောတူကတိစာချုပ်" အရ ကန်ထရိုက်တာများဖြစ်ကြသည့် ဦးမြင့်နိုင်[၁၁/မဥန(နိုင်)၀၁၃၆၃၃]နှင့် ဦးညီညီနိုင်[၁၁/စတန(နိုင်)၀၀၁၈၃၂]တို့မှ ပူးတွဲခံစားခွင့်ရှိသော အခန်းဖြစ်ပြီး မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တိုးချဲ့၊ မြေကွက်အမှတ်-၅၉၈+၅၉၉၊ ဧရိယာ (၀.၁၁)ဧက၊ မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေပေါ်ရှိ အမှတ်(၅၉၈+၅၉၉)၊ ကျန်စစ်သားလမ်း၊ (၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် Shwe Lwin Lwin Trading Co.,Ltd {ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဒေါ်တင်တင်ဝင်း(ဘ)ဦးအောင်သန်း)[၁၂/ဗဟန(နိုင်)၀၇၇၉၆၃]}အမည်ပေါက်လျက်ရှိပြီး ကုမ္ပဏီမှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ခရစ်တော်၌အိပ်ပျော်ခြင်း

## Saw Benjamin ဦးလွမ်းဆွေ

## လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန

## အသက်(၈၈)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ပျဉ်းမကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ (ဦးဘိုးငယ်-ဒေါ်အာနား)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်နေ နော်ထရေစီ(လယ်/ပြ-ငြိမ်း၊ အထက-၃၊ အင်းစိန်)၏ ချစ်လှစွာသော ခင်ပွန်း၊ (Sebastian ဦးစိုးမင်းဆွေ)၊ Rose Mary ဒေါ်မြင့်မြင့်ကြည်ဆွေ၊ Margaret Mary ဒေါ်ကြည်ကြည်ခင်ဆွေ၊ ဦးမျိုးလွင်-Mary Madolene ဒေါ်မိုးမြင့်ဆွေ၊ Jude ဦးစိုးသူဆွေ-(ဒေါ်မြတ်မြတ်မော်)တို့၏ဖခင်၊ Victoria ခင်ဆုရည်၊ Francisco မင်းခန့်ကျော်၊ William ဝီရလရောင်တို့၏အဘိုး Saw Benjamin ဦးလွမ်းဆွေသည် ၂-၁-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၂:၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁-၂၀၂၂(အင်္ဂါနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၅၃၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်သည် ဒေါ်သိန်းမြင့်(စီအိုင်-၀၄၆၂၇၃)အမည်ပေါက်သော ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း အကျယ်အဝန်း ပေ(၂၀x၆၀)မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၃၀)၊ ရွှေကံ့ကော်လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်သည့် ဦးကျော်ဆန်း[၁၂/ဒပန(နိုင်)၀၄၀၆၀၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွန်း[၁၂/သဃက(နိုင်)၀၈၀၆၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။









## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

တီဗွီနှင့် အောက်စက်အမျိုးမျိုးတို့ကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို အပြီးပိတ်ပါ။

Remote Control ဖြင့်သာပိတ်၍ Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်မီတာ တက်နေပါမည်။





## အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း(MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂**

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❐




## ယနေ့ဖတ်စရာ



**နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့်ရန် နာဆာ စီစဉ်လျက်ရှိ**

စာမျက်နှာ » ၁၂

**ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းခြောက်သောင်းကျော် ရှိ**

စာမျက်နှာ » ၁၃

**ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် တစ်လုံးတို့ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၄

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဘိလိယက်အဖွဲ့ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယခုနှစ် မေလတွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်အားကစားနည်း၌ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး ဘိလိယက်၊ စနူကာနှင့် Pool အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့အနေဖြင့် ပြိုင်ပွဲခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့အနေဖြင့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲနှင့် Pool 10 Ball တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ၂၀၂၁ နှစ်လယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ကစားသမားခုနစ်ဦး ရွေးချယ်ထားသည်။ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ဘိလိယက်၊ စနူကာနှင့် Pool ကစားသမားများ ပါဝင်လျက်ရှိသည်။ **စာမျက်နှာ ၂၉ ကော်လံ ၁ သို့** ❖

## အဆင့် ၆ နေရာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း နီကိုကိုဗက်အား အသင်းနည်းပြအဖြစ်မှ မိုနာကိုအသင်း ထုတ်ပယ်

ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းဟာ လက်ရှိမှာ အမှတ်ပေးဇယား အဆင့် ၆ နေရာမှာ ရပ်တည်လျက်ရှိပေမယ့် နည်းပြ နီကိုကိုဗက်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။ နည်းပြနီကိုကိုဗက်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ခရိုအေးရှားနိုင်ငံ လက်ရွေးစင်အသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းမှာ မိုနာကိုအသင်းနည်းပြဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

**ခန့်အပ်**

မိုနာကိုအသင်းဟာ စပိန်နိုင်ငံသား နည်းပြ ရောဘတ်မိုရီနိုကို ခုနစ်လကြာ အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စေခဲ့ပြီး အသင်းနည်းပြအဖြစ်ကနေ **စာမျက်နှာ ၂၉ ကော်လံ ၃ သို့** ❍

